## ဓမ္မဒါနအလှူရှင်

ဤစာအုပ်ကို ကျေးဇူးတော်ရှင်

မောင်းထောင်မြေဇင်းတောရ

ဆရာတော်ဘုရားကြီး(၁၂၈၂–၁၃၆၈)၏

ကျေးဇူးဂုဏ်အနန္တကို ပူဇော်သောအားဖြင့်

ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေ)မိသားစု ရန်ကုန် မှ

ဓမ္မဒါနပြုပါသည်။

ဖုန်း–၆၆၅၂၁၁

၁၃၆၈ခု၊ နတ်တော်လဆန်း ၁၂–ရက်

မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ

မုံရွာခရိုင် ဘုတလင်မြို့နယ်

# မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ




အရှင်သောပါက (သာသနဓဇဓမ္မာစရိယ) စုစည်းစီစဉ်သည်။

၁၃၃၆ မောင်းထောင်မြေဇင်းတောရ(ပင်မ) ၁၃၇၄

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ သက်တော်(၈၆)နှစ် အန္တိမစျာပနအတွက် လှူဒါန်းပါသည်။

မောင်းထောင်

မြေဇင်းတောရဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာများ

အရှင်သောပါက (သာသနဓဇဓမ္မာစရိယ)

စုစည်းစီစဉ်သည်။

သာသနာ ၂၅၄၈ ကောဇာ ၁၃၆၆ ခရစ် ၂၀၀၄

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၆ |
| ၂။ | အပါယ်မကျ ရှိနိုးကြ | ၈ |
| ၃။ | ကျက်သရေရှိသော လက်ချောင်းကလေးများ | ၁၀ |
| ၄။ | ဒါနပြုလျှင် မှတ်တမ်းတင် | ၁၁ |
| ၅။ | စေတီထိုက်သော ခန္ဓာအိမ် | ၁၂ |
| ၆။ | ပဒေသာဟာ သာသနာ | ၁၃ |
| ၇။ | ဘေးမဆိုက်ခင် ရိပ်သာဝင် | ၁၄ |
| ၈။ | ဘုရားအကြိုက်ဆုံး ပူဇော်နည်း | ၁၅ |
| ၉။ | ကိုယ်ပိုင်ဆိုင်တာပစ္စုပ္ပန် | ၁၆ |
| ၁၀။ | နတ်များတောင့်တ လူ့ဘဝ | ၁၇ |
| ၁၁။ | သိကြားရှိခိုး လူသုံးမျိုး | ၁၉ |
| ၁၂။ | ဒါနထက်သာ မေတ္တာ | ၂၀ |
| ၁၃။ | လောကကြီးကိုဘယ်လိုရှုင်းမလဲ | ၂၂ |
| ၁၄။ | အသိသစ် အမြင်သစ် | ၂၃ |
| ၁၅။ | သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့တရား | ၂၄ |
| ၁၆။ | အထက် ဘဝဂ် အောက်အဝီစိ ကြည့်နိုင်မြင်နိုင် | ၂၅ |
| ၁၇။ | ကိုယ့်ကိုကိုယ် ဝမ်းသာကြ | ၂၆ |
| ၁၈။ | ဆုံးမည့် ဆရာမရှိကြ | ၂၇ |
| ၁၉။ | ဒီကနေ့ နိဗ္ဗာန်အထိ | ၂၈ |
| ၂၀။ | တရားကသာ ကယ်နိုင် | ၂၈ |

| | | |
|---|---|---|
| ၂၁။ | ကိုယ့်ဟာမှ ကိုယ့်ဟာမလုပ်ကြနှင့် | ၃၀ |
| ၂၂။ | ယူသွားနိုင်တာ ကုသိုလ်ပါ | ၃၁ |
| ၂၃။ | နတ်တွေကြည့်နေတယ် | ၃၂ |
| ၂၄။ | တစ်နေ့ နှစ်ကြိမ်ကြည့်တော်မူ | ၃၃ |
| ၂၅။ | ကြီးပွားချင်သလား | ၃၅ |
| ၂၆။ | စုပုံထားလို့ ရမယ်ဆို | ၃၆ |
| ၂၇။ | ပြုရမည့် ပရိကံ | ၃၇ |
| ၂၈။ | ဆုတောင်းပြီး အမျှဝေကြ | ၃၉ |
| ၂၉။ | ကမ္ဘာပျက်ပေမယ့် မပျက်စီးတဲ့တရား | ၄၀ |
| ၃၀။ | ကိုယ့်ဝေစု ကိုယ်ယူသွားကြ | ၄၁ |
| ၃၁။ | အမြတ်ဆုံးဥစ္စာ | ၄၂ |
| ၃၂။ | တရားလက်လွတ် ငှက်တောင်ကျွတ် | ၄၄ |
| ၃၃။ | မရှိတာထက် မသိတာခက် | ၄၆ |
| ၃၄။ | ပုဂ္ဂိုလ် (၄) မျိုး | ၄၈ |
| ၃၅။ | အချိန်မဆိုင်း အကျိုးပေး | ၄၉ |
| ၃၆။ | ဒုတ်ပြီး ခါးပြီး | ၅၀ |
| ၃၇။ | မိမိရရ ကိုးကွယ်ကြ | ၅၁ |
| ၃၈။ | အိုမင်းမစွမ်း | ၅၂ |
| ၃၉။ | သံယောဇဉ်ဖြတ် တရားမှတ် | ၅၃ |
| ၄၀။ | လည်လွန်း၍ လွဲခဲ့ကြ | ၅၅ |
| ၄၁။ | တက်ကပ်မဟုတ်, ဆုတ်ကပ် | ၅၆ |
| ၅၂။ | ဘယ်ဘဝနေကြမလဲ | ၅၇ |
| ၅၃။ | တန်ဖိုးသိ တန်ဖိုးရှိအောင်နေကြ | ၅၈ |





| | | |
|---|---|---|
| ၅၄။ | တစ်လှမ်းခြင်းသွား တစ်လုပ်ခြင်းစား | ၅၉ |
| ၅၅။ | မယုံမရှိနဲ့ ကိုယ်တွေ့ | ၆၀ |
| ၅၆။ | ဒီတိုင်းထား ဒီတိုင်းဖြစ် | ၆၁ |
| ၅၇။ | သတိတရား လက်ကိုင်ထား | ၆၂ |
| ၅၈။ | အမောင်တို့ လက်ထဲမှာရှိတယ် | ၆၃ |
| ၅၉။ | အနစ်နာခံပြီး ပါရမီတွေဖြည့် | ၆၄ |
| ၆၀။ | ငါမပိုင် ငါ့ခန္ဓာ | ၆၅ |
| ၆၁။ | ဝါသနာပါမှ | ၆၈ |
| ၆၂။ | တန္ဓယ်ငင်တဇဉ်ပါ | ၆၈ |
| ၆၃။ | သိမ်မွေ့ဆန်းကြယ် နူးညံ့တယ် | ၆၉ |
| ၆၄။ | ကိုယ့်စိတ်နိုင်သလား | ၇၀ |
| ၆၅။ | ရှိတာကို ရှာနိုင်အောင်ကြိုးစား | ၇၁ |
| ၆၆။ | ‘ကုတ်’ နေမှ ကောင်းတာ | ၇၂ |
| ၆၇။ | ခွင့်သာတုန်း ရုန်းသွားကြ | ၇၃ |
| ၆၈။ | မလျော့မတင်း စောင်းကြိုးညှင်း<br>တင်းလွန်းတော့ပြတ်, လျော့လွန်းတော့ပတ် | ၇၄ |
| ၆၉။ | တန်ဘိုးဖြတ်မရသော ကုသိုလ် | ၇၅ |
| ၇၀။ | များများပွား များများမှတ် | ၇၇ |
| ၇၁။ | ယုံရအောင် လုပ်ထားကြ | ၇၈ |
| ၇၂။ | နိဗ္ဗာန်မရောက်သေးသမျှ | ၇၉ |
| ၇၃။ | ဘယ်လောက်ထိုင်ထိုင် | ၈၀ |
| ၇၄။ | အသက်ကြီးရင်မေ့ | ၈၁ |
| ၇၅။ | လက်မှတ်ရအောင် ယူထားကြ | ၈၂ |

| | | |
|---|---|---|
| ၇၆။ | နိမိတ်ဆိုတာ ဘာလဲ | ၈၄ |
| ၇၇။ | တရားထိုင်တတ်သလား | ၈၅ |
| ၇၈။ | သည်းခံအားထုတ်ယောဂီအလုပ် | ၈၇ |
| ၇၉။ | အရွယ်သုံးပါး | ၈၈ |
| ၈၀။ | ပုံတော်မပွားနှင့် ဂုဏ်တော်ပွား | ၉၀ |
| ၈၁။ | အရှင်ဓမ္မဒိန္နာ မထေရ်ကြီးလို့ | ၉၂ |
| ၈၂။ | အရိပ်ပမာ | ၉၃ |
| ၈၃။ | ရခဲပေစွ လူ့ဘဝ | ၉၄ |
| ၈၄။ | ဆွေမျိုးအစစ် | ၉၅ |
| ၈၅။ | တကယ်လက်ခံမှာလား | ၉၆ |
| ၈၆။ | ဘုရားစေတီတွေ ဖူးချင်သလား | ၉၈ |
| ၈၇။ | ဆိတ်ကွယ်ရာမရှိ | ၉၉ |
| ၈၈။ | ထမင်းလို မမေ့ကြနှင့် | ၁၀၁ |
| ၈၉။ | လွယ်လွယ်နှင့် မရနိုင် | ၁၀၂ |
| ၉၀။ | ရှေ့ကိုသာတိုးမြဲတိုး | ၁၀၃ |
| ၉၁။ | တန်ဖိုးသိဖို့ အရေးကြီးတယ် | ၁၀၄ |
| ၉၂။ | ဝေးတဲ့လူတွေ နီးကုန်ကြပြီ | ၁၀၅ |
| ၉၃။ | မိုးရွာတုန်းရေခံထားကြ | ၁၀၆ |
| ၉၄။ | ငြိမ်းစဲသွားအောင် | ၁၀၇ |
| ၉၅။ | အသက်မရှူ သူများ | ၁၀၈ |
| ၉၆။ | ရတနာအတု, ရတနာအစစ် | ၁၀၉ |
| ၉၇။ | စိတ်ရဲ့စွမ်းအင် | ၁၁၁ |
| ၉၈။ | ကိုယ့်ဘက်ကလိုတယ် | ၁၁၃ |





| | | |
|---|---|---|
| ၉၉။ | သတိမြဲရာ ပထမာ | ၁၁၄ |
| ၁၀၀။ | ယုံကြည်ဖို့က အဓိက | ၁၁၅ |
| ၁၀၁။ | နိမိတ်သုံးမျိုး | ၁၁၇ |
| ၁၀၂။ | ဝါရဆိုတာဘာလဲ | ၁၁၉ |
| ၁၀၃။ | တရားတန်ခိုး | ၁၂၁ |
| ၁၀၄။ | သူမပါမဖြစ် | ၁၂၃ |
| ၁၀၅။ | တစ်စပ်ရအောင် မှတ်ကြည့် | ၁၂၅ |
| ၁၀၆။ | အာနာပါန ဆန်းကြယ်လှ | ၁၂၇ |
| ၁၀၇။ | ကံကောင်းအောင်ကြိုးစားကြ | ၁၂၈ |
| ၁၀၈။ | အအေးနှင့်အပူ | ၁၂၉ |
| ၁၀၉။ | ငါမယူငါမရ | ၁၃၀ |
| ၁၁၀။ | ကြည်ညိုလွန်းလို့ | ၁၃၁ |
| ၁၁၁။ | သဒ္ဓါ ပညာ မျှစရာ | ၁၃၂ |
| ၁၁၂။ | မဂ္ဂင်ဖောင်ကြီး ကြိုးစားစီး | ၁၃၄ |
| ၁၁၃။ | ကန္ဒီနည်းအစ 'အရဟံ' က | ၁၃၆ |
| ၁၁၄။ | အရဟံ ပွားရကျိုး | ၁၃၇ |


မာတိကာပြီး၏

## နိဒါန်း (ဆန္ဒ)

ကျေးဇူးဂုဏ်အင်အနန္တ ကြီးမားတော်မူသော မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး သည် ကန္တီ-အင်ချောင်-ဝေဘူ-မန်လည်ဆရာတော် ဘုရားကြီးများထံ နှစ်ပေါင်းများစွာ တရားဓမ္မ ဥပနိဿယ များကို ကိုယ်တိုင် ကိုယ်ကျ အားထုတ် ဆည်းပူးပြီး၍ မောင်းထောင်မြေဇင်းတောရ-ရန်ကုန် မှော်ဘီ မန္တလေး ရန်ကင်းတောင်တို့ရှိ တရားစခန်းရိပ်သာ များတွင်

"ရဟန်း-ရှင်-လူ-ယောဂီအပေါင်းတို့အား "

သာသနာတော်ကြီးနှင့် တွေ့ကြုံဆုံဆည်းခိုက် နှစ်ဘက်အမြင် နှစ်ဘက်အလင်းဖြစ်စေရန် လောကီ-လောကုတ္တရာ ကောင်းကျိုးသုခများ တိုးပွားစေရန် ရည်သန်တော်မူပြီး-

အာနာပါန, သမထ, ဝိပဿနာ ဘာဝနာများ ရှုပွားနည်း, လျှို့ဖွယ်ဝတ္တု ပစ္စည်းများလှူဒါန်းရာ၌ ကုသိုလ် စာရင်းမှတ်ထားကြရန်နှင့် ဝပ်ချကန်တော့ပုံ ကန်တော့ နည်း စသည်တို့ကို ဆရာတော်ဘုရားကြီးထံ ရောက်ရှိ လာသော သူတော်ကောင်း ယောဂီအပေါင်း တို့အား



သွန်သင်ဆုံးမအပ်သော အဆုံးအမ ဩဝါဒ စကားများကို ရနိုင်သမျှ စုစည်း၍ ဆရာတော်ဘုရားကြီး၏ သက်တော် (၈၄)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲကြီး၌ အဆုံးအမ ဩဝါဒစကားများဖြင့် ဆရာတော်ဘုရားကြီး အား ပူဇော်ကန်တော့လိုက်ပါသည်။

**တပည့်**
**အရှင်သောပါက**
သာသနဓဇဓမ္မာစရိယ
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊
ကံဘဲ့၊ ဘူတာရုံလမ်း၊
ရန်ကင်း၊ ရန်ကုန်။

## " အပါယ်မကျ၊ ရှိခိုးကြ "

ယောဂီတို့ နေ့စဉ်မှန်မှန် ဘုရားရှိခိုး ကန်တော့ကြရဲ့လား

ဘုန်းကြီး အမြဲရှိခိုးကန်တော့တဲ့ နေရာတွေလဲ ပြောပြမယ်။

ဘုန်းကြီး ၁၃၂၅-ခုနှစ်ကစပြီး ယနေ့အထိ မိမိနေတဲ့နေရာ ရောက်တဲ့နေရာကနေ

၁။ ဘုရားရှင်ရဲ့စွယ်တော်အစစ်ရှိရာ သီဟိုဠ်ကျွန်းစနေဒေါင့်၊

၂။ ဘုရားအဆူဆူပွင့်တော်မူရာဒေသ အိန္ဒိယရာဟုဒေါင့်၊

၃။ ဘုရားရှင်ရဲ့ ဆံတော်အစစ်ရှိရာ ရွှေတိဂုံစေတီတော်၊

အဲဒီဌာနတွေ ဘုန်းကြီးအမြဲတမ်း မှန်းပြီးရှိခိုးကန်တော့တယ်။ ဘုရားကို တစ်ကြိမ်တစ်ခါ ဝပ်ချကန်တော့တဲ့ ကုသိုလ်က ကမ္ဘာတစ်သိန်း အပါယ်မလားဘူးတဲ့။

ယောဂီတို့ မှတ်ထားကြ . . .



ဒီကုသိုလ်တွေက

ပျောက်နေရစ်တယ်။

ဆွေးနေရစ်တယ်။

ကုန်နေရစ်တယ် ဆိုတာမရှိဘူး။

တစ်သံသရာလုံး အကျိုးပေးသွားမှာ၊ နေ့စဉ်ဝတ်ယူပြီး ရှိခိုးကန်တော့အိပ်ကြ၊ ရှိခိုးကန်တော့တဲ့ အခါလဲ 'နမောတဿ' သုံးကြိမ်ရွတ်ဆိုပြီး ကန်တော့ကြ။

## "ကျက်သရေရှိသော လက်ချောင်းကလေးများ"

ဘုရား လက်ထက်တော် အခါက ဧကရဋ္ဌလိက မထေရ်တဲ့ ဘုရားရှင်ကို တစ်ကြိမ်-တစ်ခါ ရှိခိုးကန်တော့တာနှင့် ကမ္ဘာတစ်သိန်း အပါယ်မလားဘူး။

ဒါကြောင့် **တစ်ကြိမ်ဦးချ** - **ဘုရားကိုကွယ်**
**ကမ္ဘာတစ်သိန်း** - **ကျွတ်ကိန်းရေဖွယ်**
**အပါယ်ဘေးမှ** - **လွတ်အေးလေတယ်**
**မြတ်ဘုရား ကြိုးစားဖူးကြကွယ်။**

အဲဒီလို ရှိခိုးကန်တော့လိုက်တော့

မိမိတို့ လက်ကလေးတွေ မင်္ဂလာရှိမသွားဘူးလား၊
ကျက်သရေကောရှိမသွားဘူးလား၊
အန္တရာယ်ကော မကင်းဘူးလား၊
ကောင်းရာသုဂတိကော မရောက်ဘူးလား

အရိပ်ထဲကနေ နေလဲမပူဘူး- မိုးလဲမရွဲဘူး၊ လေလဲမတိုက်ဘူး၊ ကိုယ့်နေရာကနေ ကုသိုလ်တွေ ရနေတာ။

ဒါကြောင့်မိမိတို့

လူ့ဘဝရတုန်း မပျင်းကြနှင့် နေ့စဉ် ရှိခိုးကန်တော့အိပ်ကြ။



## " ဒါနပြုလျှင် မှတ်တမ်းတင် "

မိမိတို့ ကုသိုလ်အလှူဒါန ပြုကြတဲ့အခါ ဘာကိုပဲလှူလှူ အသေး အမွှား ပစ္စည်းလေးလှူတာကစပြီး ကုန်ကျစရိတ် တန်ဖိုးကို မှတ်ထား, ရေးထားရတယ်။

မိမိတို့ လှူတဲ့ ပစ္စည်းတန်ဖိုးရယ် နေ့, ရက်, လ ခုနှစ်ကစပြီး ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ မှတ်တမ်းဒိုင်ယာရီဆိုတာ လုပ်ထားရတယ်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မလုပ်ရဘူး။

အဲဒီလို ကုသိုလ်မှတ်တမ်းလုပ်ထားတော့ ကိုယ်က မသွားနိုင်၊ မလာနိုင် အိပ်ရာထဲ လဲနေရင် သားတွေ သမီးတွေ မြေးတွေ, မြစ်တွေ ဖတ်ပြခိုင်းတော့ ×× ဟော စာဂါနုဿတိ လို့ဆိုတဲ့ ကိုယ်စွန့်ကြဲ လှူဒါန်းထားတဲ့ ကုသိုလ်တွေ အဖန်ဖန်အောက်မေ့ပြီး ဘဝကူးသွားတောင်မှ သုဂတိဘဝ ရောက်တာပေါ့။

နေ့စဉ် နေ့တိုင်းလဲ သတိရတိုင်း အမှတ်ရတိုင်း နိဗ္ဗာန်ကို ဆုတောင်းနေကြ။

## " စေတီထိုက်သော ခန္ဓာအိမ် "

ယောဂီတို့ ကိုယ့်ရှိပြီးသား ထွက်လေ-ဝင်လေ လေးကိုဘဲ တစ်ရှူ တစ်ရှိုက် နှာသီးဖျား သတိလေးကပ်ပြီး ဘုရားဂုဏ်တော်တွေ တရားဂုဏ်တော်တွေ သံဃာ့ဂုဏ်တော်တွေ ထုံမွှမ်းပြီး မှတ်နေကြတော့-

ယောဂီတို့ရဲ့ ခန္ဓာအိမ်ကြီးက စေတီအိမ်ကြီးလိုဘဲ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေရဲ့ ပူဇော်ခြင်းငှာ ထိုက်နေတော့တာ၊ ဟုတ်တယ်။

ခန္ဓာကိုယ် တစ်ခုလုံး တရားတွေနှင့် ပြည့်နေတော့ ယောဂီတို့ရဲ့ ခန္ဓာကိုယ်ကြီးက


နံ့သာတုံးကြီး ဖြစ်မနေဘူးလား

အကောင်းတုံးကြီး ဖြစ်မနေဘူးလား

အမွှန်အမြတ်တုံးကြီး ဖြစ်မနေဘူးလား

ဒီလိုဖြစ်ဖို့ မလွယ်ဘူး


ကြိုးစားအားထုတ်ကြ။



မြေဇင်းတောရဆရာတော်ဘုရားကြီး



၁၃၆၄ ခု
မြေဇင်းတောရဆရာတော် (၈၂) နှစ်မွေးနေ့တွင် လှူဒါန်းနေစဉ်



မြေဇင်းတောရဆရာတော်ဘုရားကြီး
ပင့်သံဃာတော်များအားလှူဒါန်းနေစဉ်



၈၃ နှစ်မြောက်မွေးနေ့တွင် မြေဇင်းတောရ
ဆရာတော်ဘုရားကြီး သာမဏေများအားလှူနေစဉ်



မြေဇင်းတောရဆရာတော်ဘုရားကြီး (၈၃) နှစ်မြောက်မွေးနေ့တွင်
သာမဏေများအားလှူဒါန်းနေစဉ်



## " ပဒေသာပဟာ သာသနာ "

လူ့ဘဝဆိုတာ ဘာမှမပိုင်ဘူး၊ ဘာမှ မသေချာဘူး၊ ချောက်ကမ်းဘေး လမ်းလျှောက်နေရသလို အချိန်မရွေး ကျသွားနိုင်တယ်၊ ကြက်ဥ၊ ငှက်ဥတွေလို အချိန်မရွေး ပေါက်ကွဲ သွားနိုင်တယ်။

မသေချာ မရေရာဘဲ လျှောက်လှမ်းနေရတဲ့ ဘဝ သံသရာကြီးထဲ မြတ်စွာဘုရား သာသနာတော်ကြီးနှင့် တွေ့ကြုံနေရတဲ့အခါ ဘဝပဒေသာပင်ကြီးကနေ -

ကိုယ်လိုချင်တဲ့ အသီးကို ဆွတ်ခူးလို့ရတယ်။

ဒါန အသီးကို ဆွတ်ခူးမလား

သီလ အသီးကို ဆွတ်ခူးမလား

သမထ , ဝိပဿနာ အသီးကို ဆွတ်ခူးမလား

ဘာဆွတ်ဆွတ် ဘာခူးခူး ရတာချည်းပဲ၊ အထက်သွား မလား၊ အောက်သွားမလား ရတယ်၊

အဲ အဆွတ်အခူးမှားပြီး လူ့ပြည်ပြန်ရောက်ရင် သာသနာက ရှိမှာမဟုတ်ဘူး။

ဘယ်အသီးကို ဆွတ်ခူးခူး နိဗ္ဗာန်ကိုပဲ ဆုတောင်းပြီး ဆွတ်ခူးကြ။

## " ဘေးမဆိုက်ခင် ရိပ်သာဝင် "

ယောဂီတို့ မြတ်စွာဘုရားရှင်က ဘေးကြီးငါးမျိုး ဆိုက်ရောက်လာရင် တရားအားထုတ်လို့ မရတော့ဘူးတဲ့၊

ဘေးကြီးငါးမျိုးက

၁။ မိမိက အသက်အရွယ်ကြီးရင့် အိုမင်းလာရတဲ့ဘေး

၂။ မကျန်းမမာဖြစ်ရတဲ့ဘေး

၃။ အစားအသောက် ရှားပါးရတဲ့ဘေး

၄။ တိုင်းပြည် မငြိမ်းချမ်းဘဲ သူပုန်ထတဲ့ဘေး

၅။ သံဃာကွဲပြားလာတဲ့ဘေး

အဲဒီဘေးကြီးငါးမျိုး ဆိုက်ရောက်လာရင် တရားအားထုတ်လို့ မရဘူးတဲ့၊ ခုယောဂီတို့ ဒီငါးမျိုးလုံး တစ်မျိုးမှ မဆိုက်သေးတော့ ကံကောင်းတာပေါ့၊ ဒီကံက လူတိုင်း ကောင်းတာမဟုတ်ဘူး၊

ဆက်ကြိုးစားကြ။

**" အို, နာ, စာရှား, ထပွား သူပုန်, ကွဲတုံသံဃာ ဘေးငါးဖြာ နောင်ခါဖြစ်လတ္တံ့. "**

**"ဘေးမဆိုက်ခင် , ယခုပင် တောဝင် (ရိပ်သာဝင်) ငါကျင့်မှ" (အံ)၊**



## " ဘုရားအကြိုက်ဆုံး ပူဇော်နည်း "

မြတ်စွာဘုရားကို အခြားလှူဖွယ်ဝတ္ထုပစ္စည်း တွေနှင့် ပူဇော်တာထက် အခုလို ယောဂီတို့ တစ်ရှူ တစ်ရှိုက် တရားနှင့် ပူဇော်တာက ပိုမွန်မြတ်တယ်။

ဘာလို့လဲဆိုတော့ ကြည့်လေ-

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးကလေး လူတွေ, နတ်တွေ, ဗြဟ္မာတွေက အတီး အမှုတ်တွေနှင့် သီဆိုပြီး ပန်းနံ့သာ အမွှေးအကြိုင်တွေနှင့် လိုလေသေးမရှိ အခါမဲ့ ပန်းတွေလဲ ပွင့်လို့ သက်ရှိသက်မဲ့ သစ်ပင်တွေကတောင် ပူဇော်ကြတာ။

ဒီလိုပူဇော်တာတွေကြည့်ပြီး

မြတ်စွာဘုရားက အရှင်အာနန္ဒာကို နောက်ဆုံး မှာသွားတာက ချစ်သားအာနန္ဒာ. . . .

"ဒီလို ပစ္စည်းဝတ္ထုတွေနှင့် ပူဇော်ကြတာ ငါဘုရားကို ရိုသေလေးစားရာ မရောက်ဘူး၊ မြတ်နိုးကော်ရော်ရာလဲ မရောက်ဘူး။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ တရားနှလုံးသွင်း ရှုမှတ်ပြီး ပူဇော်တာမှ အကောင်းဆုံး ပူဇော်ရာရောက် တယ် " လို့ ဟောထားခဲ့တာ

အခု ယောဂီတို့ ဘုရားကြိုက်တဲ့ ပူဇော်နည်းနှင့် ပူဇော်နေကြပြီ။

## "ကိုယ်ပိုင်ဆိုင်တာ ပစ္စုပ္ပန်"

အခုလို တရားအားထုတ်တဲ့ အခွင့်ကောင်း၊ အခါကောင်း ရဘို့ဆိုတာ စဉ်းစားလေ ခက်လေပဲ၊

သွန်သင်ဆုံးမ တရားပြမည့် ဆရာသမားကလဲ ကျန်းမာနေတုန်း မိမိကလဲ ကျန်းမာနေတုန်း၊

ဒီလိုအခွင့်အရေးက ကိုယ့်မှာ အမြဲရနေတာ မထင်နှင့်၊ နေ့ရွှေ့ , ရက်ရွှေ့, လရွှေ့, နှစ်ရွှေ့ နေလို့ မရဘူး၊

လူဖြစ်ဖို့ခက်ခဲတယ်၊

အသက်ရှင်သန်နေဖို့ ခက်ခဲတယ်၊

နက်ဖြန်နေရဦးမယ်လို့ ဘယ်သူမှ အာမ မခံနိုင်ဘူး။

နက်ဖြန်လဲ ကိုယ်မပိုင် , ကုန်လွန်သွားတဲ့ ရက်, လ, နှစ် တွေလဲ ကိုယ်မဆိုင်တော့ဘူး၊ ခုပစ္စုပ္ပန် တည့်တည့် ကလေးပဲ ကိုယ်ပိုင်တာ၊ မကြာခင် ဒီခန္ဓာကိုယ်ကြီးက အိုသည်ထက်အို, နာသည်ထက်နာ လာတော့ မကြာခင် အိုးစားကွဲရတော့မှာ

ကြိုးစားကြ။



## " နတ်များ တောင့်တ လူ့ဘဝ "

လူတွေက လူ့ပြည်ထက် နတ်ပြည်က သာတယ်, ကောင်းတယ် ထင်နေကြတာ၊ မဟုတ်ဘူး၊

နတ်တွေကသာ လူ့ပြည် လူ့ဘဝကို မြတ်နိုးကြတာ၊ အထင်ကြီးကြတာ ကြည့်ပါလား၊

နတ်သားတစ်ယောက် နတ်သမီးတစ်ယောက် စုတေတော့မယ် သေတော့မယ်ဆိုရင် သေမယ့်နတ်သား နတ်သမီး အနီးအနားလာပြီး စကားသုံးခွန်းဝိုင်းမှာကြတယ်၊

အဆွေနတ်သား အဆွေနတ်သမီး အခုနတ်ဘဝကနေ

၁။ လူ့ဘဝဆိုတဲ့ သုဂတိဘဝ ရောက်အောင်သွားပါ။

၂။ လူ့ဘဝရောက်ရင်လဲ ရတနာသုံးပါး အပေါ် ယုံကြည်တဲ့ သဒ္ဓါတရား ရအောင်လုပ်ပါ။

၃။ အဲဒီ သဒ္ဓါတရားကိုလဲ ခိုင်မာအောင် အရိယာဖြစ်အောင် လုပ်ပါတဲ့။

ကိုင်း နတ်တွေကတောင် လူ့ဘဝနှင့် ဘုရားသာသနာကို ဘယ်လောက်မြတ်နိုးကြသလဲ၊

ဒါကြောင့် မိမိတို့ နတ်ပြည်ထက်သာတဲ့ ဘုံဘဝ ရောက်အောင် ဘာကုသိုလ် လုပ်လုပ် ယုံကြည်မှု့ ခိုင်မာမှု့ သဒ္ဓါတရားနှင့်လုပ်ပြီး နိဗ္ဗာန်ဆုတောင်းလုပ်ကြ။



## " သိကြားရှိခိုး လူသုံးမျိုး "

ယောဂီတို့ ခုလို တစ်ရှု တစ်ရှိုက် အားထုတ်နေကြတော့ မြတ်စွာဘုရားကသာ ချီးကျူးတာမဟုတ်ပါဘူး၊

သိကြားမင်းကလဲ ချီးကျူးတယ်- ရှိခိုးတယ်၊

သိကြားမင်းက ဘယ်လိုပုဂ္ဂိုလ်တွေ ချီးကျူးသလဲ ရှိခိုးသလဲ ဆိုရင်

၁။ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တွေ လုပ်နေတဲ့ လူတွေ၊

၂။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေတဲ့ လူတွေ

၃။ ကိုယ့်သား, မယား တွေကို တရားသဖြင့် ရှာဖွေ ကျွေးမွေးနေတဲ့လူတွေ-

အဲဒီ သုံးယောက်ကို သိကြားမင်းက အမြဲချီးကျူးတာ အမြဲရှိခိုးတာတဲ့၊

တို့ -- ယောဂီတို့ သာမည မအောက်မေ့နှင့် သိကြားမင်းကတောင် ရှိခိုးခံရတဲ့ ယောဂီတွေ

ဒါတောင် - - တစ်ချို့က ကိုယ့်ဘဝကို ဂုဏ်ယူရကောင်းမှန်း မသိကြဘူး

မခက်ဘူးလား ၊

သနားစရာကောင်းလိုက်တာ - - - ဟင်၊

## " ဒါနထက်သာ မေတ္တာ "

မြတ်စွာဘုရားက လူတစ်ယောက်ဟာ နံနက်တစ်ကြိမ် ထမင်းအိုးကြီး တစ်ရာချက်ပြီး ကျွေးမွေးတယ်, လှူတယ်၊

နေ့လယ် တစ်ကြိမ် ထမင်းအိုးကြီး တစ်ရာချက်ပြီး ကျွေးမွေးတယ်, လှူတယ်၊

ညနေတစ်ကြိမ် ထမင်းအိုးကြီး တစ်ရာချက်ပြီး ကျွေးမွေးတယ်, လှူတယ်၊

လူတစ်ယောက်ကတော့ နံနက်တစ်ကြိမ် နို့တစ်ညစ်စာ မေတ္တာပွားတယ်၊ နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် ပွားတယ်။

အဲဒီထမင်းအိုးကြီး တစ်ရာချက်ပြီး သုံးကြိမ်လှူတဲ့ အလှူဒါနထက် နို့တစ်ညှစ်စာ မေတ္တာသုံးကြိမ်ပွားတာက ပိုကျေးဇူးများတယ်လို့ ဆိုထားတာ။

အထူးသဖြင့် သာမာန် အချိန်တွေမှာ မသိသာမထင် ရှားပေမဲ့ အခုလို ယောဂီတို့ တရား ဘာဝနာလုပ်တဲ့အချိန် က ပိုသိသာထင်ရှားပါတယ်။



**" တစ်နေ့သုံးခါ အိုးတစ်ရာဖြင့် ချက်ကာထမင်း, ကျွေးမွေးခြင်းထက် မယွင်းစင်စစ်, နို့တစ်ညှစ်စာ, ကြိမ်သုံး ခါမျှ မေတ္တာပွားများ ကျိုးကြီးမားသည့် ဘုရားမြတ်စွာ မိန့်ခွန်း တည်း"**

လူငယ်တွေက မယုံချင်ကြဘူး, မယုံမရှိနှင့် ခဏခဏ သာမေတ္တာပို့ အမျှဝေကြည့် သိသာလိမ့်မယ်။

## “ လောကကြီးကို ဘယ်လိုရှင်းမလဲ ”

တစ်ချို့က ဒီအာနာပါန သမထကို ရှုတ်ချ ချင်ကြတယ်။ သာသနာပ တရားကြီးပါကွာတဲ့၊ **ပါဠိစာပေ** တွေထဲ နေရာများစွာမှာ သမထဈာန်ပြီးမှ ဝိပဿနာကူးကြတာ။

ဘုရားလက်တော်မှာ နတ်သားတစ်ယောက်က မြတ်စွာဘုရားကို လျှောက်တယ်။ မြတ်စွာဘုရား

“ အတွင်းအပြင် ရှုတ်နေတဲ့ လောကကြီးကို ဘယ်လို ရှင်းရမလဲ” ဘုရားလို့လျှောက်တော့-

ဘုရားရှင်က “ **သမထဝိပဿနာ** ” တရားကို လုပ်ပါလို့ ဟောလိုက်တယ်။ ဘုရား အဆူဆူလဲ ဒီအာနာပါန ကမ္မဋ္ဌာန်းကို အများကြီး ချီးကျူးဂုဏ်ပြုကြတာ-

ဒီအာနာပါန တရားအားထုတ်ရင်-

စိတ်တွေငြိမ်းအေးတယ်

တင်းတိမ်ရောင်ရဲ အားရခြင်းမရှိအောင်

မွန်မြတ်တယ်၊

ကိုယ်ချမ်းသာ စိတ်ချမ်းသာနေရတယ်။

အေး-- ယောဂီတို့ သူများပြောတိုင်းလဲ နားမယောင်ကြနှင့်၊

တရားကို အပြစ်ပြောတဲ့သူဟာ ဘုရားရှင်ကိုလဲ စွပ်စွဲရာရောက်တယ်၊



ကိုယ့်ကိုကိုလဲ တူးဖြို ဖျက်စီးရာရောက်တယ်၊ အကုသိုလ်လဲ တိုးပွားတယ်၊ ယောဂီတို့ ဘယ်သူဘာပြောပြော ကိုယ့်တရားကို ကြိုးစားပြီး အားထုတ်ကြ။

## “ အသိသစ်, အမြင်သစ် ”

ယောဂီတို့ အခု ဒီရက် (၆၀)တရားစခန်းနှင့် အချိန်ကျ တိုက်ဆိုင်လာလို့ ဒီကန္နီနည်းကို အားထုတ်ခွင့်ရကြတာ။

ယောဂီတို့ ဒီရက် (၆၀) တရားအားထုတ်ပြီးသွားရင် မခံစားဖူးတဲ့ သဒ္ဓါတရား အသိသစ်, အမြင်သစ်တွေ ရရှိလာမှာပါ၊

အထူးကြိုးစား အားထုတ်ကြ။

ခြေ ခြေ မြစ်မြစ် စာတွေ, လက်တွေ, တစ်ဆင့်မျှ ဝေနိုင်အောင်လဲ ကြိုးစားကြ။

## " သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့တရား "

ဘုန်းကြီး ရန်ကုန်ရောက်တုန်းက ရွှေဥမင်ဆရာတော်ကြီးထံ ကန်တော့ရင်း၊ ရောက်သေးတယ်။ ဘုန်းကြီးတို့ထက် ရွှေဥမင်ဆရာတော်ကြီးက သက်တော်ကြီးတယ်၊ ဆရာတော်ကြီးက ဘာမိန့်သလဲဆိုတော့

" **ဘုန်းကြီးတို့လဲ ဒီကန္နီနည်းကို အားထုတ်ခဲ့ဘူးပါတယ်၊ သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့ နည်း တစ်ခုပါပဲ**" လို့ မိန့်တော်မူတယ်၊

ဟုတ်ပါတယ်၊ ဒီကန္နီနည်းက ရှေးသူတော်ကောင်းကြီးတော်တော်များများ အားထုတ်သွားကြတာ၊

အားထုတ်သွားကြတဲ့ ပုဂ္ဂိုလ်တွေကတော့သိတယ်၊

အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေကတော့ သိပ်မယုံကြည်ချင်ကြဘူး၊

ယုံယုံကြည်ကြည် အားထုတ်ကြ အင်မတန် အကျိုးများတယ်။



## " အထက် ဘဝဂ် အောက်အဝီစိ ကြည့်နိုင် မြင်နိုင် "

ယောဂီတို့ တကယ် သမာဓိတွေကောင်း နိမိတ်တွေကောင်းလာရင် အထက်ဘဝဂ်- အောက်အဝီစိထိ ထက်အောက်ဝဲယာ စကြာဝဠာတံတိုင်း အထိ တိုးလျှိုပေါက်အလင်းနိမိတ်တွေနှင့် ကြည့်နိုင်မြင်နိုင်သွားမှာ-

ခန္ဓာကိုယ်တွင်း ရောဂါတွေကိုလည်း ဒီအလင်းနိမိတ်တွေနှင့် ခြေဖျက်နိုင်တယ်၊ ရက်ပိုင်း, လပိုင်းမျှနှင့် ဒီလိုမြင်နိုင်ကြည့်နိုင်တော့

တရားမှန်ပြောင်း ဓမ္မစက္ခု မှန်ပြောင်းရသွားတာပေါ့၊ ဒိဗ္ဗစက္ခုလို့ ဆိုတဲ့ နတ်မျက်စိရသူပမာ ရှေးက မရရှိဖူးတဲ့ သဒ္ဓါစိတ်တွေ ဖြစ်ပွားတိုးပွားလာမှာ သေချာတယ်။

ကြိုးစားအားထုတ်ကြ။

## " ကိုယ့်ကိုကိုယ် ဝမ်းသာကြ "

လူတိုင်း, လူတိုင်းကတော့ သာသနာတော်ကြီးကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လို့ဆိုတဲ့ ပစ္စည်းလေးပါးနှင့် ပန်း, ရေချမ်း, ဆီမီး, အမွှေးတိုင်, နံ့သာ စသည်တွေနှင့် ကိုယ်တတ်နိုင်သလို ပူဇော်ဘူးကြတဲ့ လူချည်းပဲ။

ခုလို တစ်ရှူ တစ်ရှိုက် ပူဇော်တာမျိုးကတော့ လူတိုင်း မပူဇော်ကြဘူး - ဘူး။

ပူဇော်ရဖို့လဲ မလွယ်ဘူး။

လွယ်လွယ်နှင့်လဲ မရဘူး၊ ကိုယ့်မှာ အတိတ်ဘဝက ဘုန်းထူး ကံထူး၊ ပါရမီထူးတွေပါလို့ ပူဇော်ရတာ၊

ယောဂီတို့ ခုလို တရားနှင့် ပူဇော်တော့ ဘုရားရှင်လဲ လိုလားနှစ်သက်တော်မူတယ်၊

ဒါကြောင့် ယောဂီတို့ ကိုယ့်ကိုကိုယ် ဝမ်းသာကြ။



## " ဆုံးမမည့် ဆရာမရှိကြ "

ခုခေတ်လူတွေက ဆရာသမား, မိဘတွေက ပြောဆို ဆုံးမတာ မကြိုက်ကြဘူး, မနာခံကြဘူး, ရိုင်းကြတယ်၊ ရှေးသူတော်ကောင်းတွေကတော့ ကိုယ့်ကိုသွန်သင်ဆုံးမ မည့်ဆရာရှာနေကြတာ။

ကြည့်ပါလား။

အရှင်သာရိပုတြာ ရဟန္တာ မထေရ်မြတ်ကြီးတောင် ကိုရင်ကလေးက ဆုံးမတာ နာယူသေးတာ၊

အရှင်ရာဟုလာ ကြတော့လဲ ငယ်ငယ်တုန်းက နံနက်တိုင်း သဲတွေလက်နှင့်ဆုပ်ပြီး ဒီသဲလုံးအရေအတွက် လောက်ရှိတဲ့ ဆုံးမ, သွန်သင်မည့် ဆရာသမား ရ, ရပါ စေလို့ အမြဲတောင်းတတယ်။

ကိုင်း -- အားကျစရာ မကောင်းဘူးလား

အတုယူစရာ မကောင်းဘူးလား

ခုခေတ်လူတွေနှင့် တော့မကွာဘူးလား

ဒါကြောင့် - - ဆရာသမားမိဘတွေ ပြောဆို ဆုံးမ တာတွေ နာခံကြ၊ မှတ်သားကြ၊ လိုက်နာကြ။

## “ ဒီကနေ နိဗ္ဗာန်အထိ ”

ယောဂီတို့ အားထုတ်နေတဲ့ တစ်ရှူ တစ်ရှိုက် ကုသိုလ်တွေက အနန္တရ သတ္တိ, အာသေဝနသတ္တိ တွေနှင့်

ဒီတစ်ရှူ ကနေ နောက်တစ်ရှူ နောက်တစ်ရှူကနေ နောက်တစ်ရှူ

ဒီနေ့ ကနေ နောက်တစ်နေ့

ဒီလကနေ နောက်လ ဒီနှစ်ကနေ နောက်နှစ်

ဒီဘဝကနေ နောက်ဘဝထိ ဆက်ကာဆက်ကာ လက်ဆင့်ကမ်း ကျေးဇူးပြုသွားတာ နိဗ္ဗာန်ရောက်တဲ့အထိပဲ။

ဒီကုသိုလ်တွေက ဆွေးသွား၊ ပျောက်သွား၊ ကုန်သွားတယ် ဆိုတာမရှိပါဘူး။

ဘုရားရှင်တောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ပတ်လုံး၊ ဒါန, သီလ, သမထ, ဝိပဿနာ ဆိုတဲ့ ပါရမီ ကုသိုလ်တွေက ဘုရားဖြစ်တော်မူတဲ့အထိ

အနန္တရ အာသေဝန သတ္တိ တွေပါသွားတာ

ယောဂီတို့လဲ နိဗ္ဗာန်မရမခြင်း ဒီကုသိုလ်တွေပါသွားမှာ ကြိုးစားအားထုတ်ကြ။



## “ တရားကသာ ကယ်နိုင် ”

လူတွေက သူလို ကိုယ်လို လူတွေပေါ်နေတော့ လူ့ဘဝကို လွယ်လွယ်ကူကူရနေတယ်လို့ ထင်နေကြတာ၊ ရခဲတယ်လို့ မထင်ကြဘူး၊ တန်ဖိုးရှိတယ်လို့ မထင်ကြဘူး၊

ကိုယ့်ဘဝကိုယ်တန်ဖိုးရှိမှန်း မသိကြ၊ မထင်ကြတော့၊ အချိန်တွေ ဖြုန်းပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြ၊

သေခါနီးကြမှ အဖေကယ်ပါ၊ အမေကယ်ပါ၊ သားကယ်ပါ၊ သမီးကယ်ပါနှင့် ဘယ်သူမှ မကယ်နိုင်ဘူး၊ လက်ပိုက်ကြည့်နေရတာ။

ကိုယ်လုပ်ထားတဲ့ ကုသိုလ် ကိုယ်လုပ်ထားတဲ့ တရားကမှ ကယ်နိုင်တာ။

ဒါကြောင့် - - - မဃဒေဝ-က

**ရေဘေး, မီးဘေး, ပြည်ပျက်ဘေးကား- ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေခြင်းဘေးဟု ဤဘေးသုံးပါး, လွန်ကြီးမားကား သားနှင့်အမိ ဖြစ်တုံဘိလည်း မျက်စိအောက်တွင် ရင်ခွင်တင်လျက် သက်သက်ရေးပိုင်, မကယ်နိုင်ဘူး, လက်မှိုင်ချကာ၊ နေရစွာရှင့်. . .။**

# " ကိုယ့်ဟာမှ ကိုယ့်ဟာ မလုပ်ကြနှင့် "

ယောဂီတို့ အထူးသတိပေးလိုတာက-

တချို့ယောဂီတွေဟာ ကိုယ်အားထုတ်တဲ့တရားက လွဲလို့ အခြားတရားနည်း၊ အခြားဆရာ, အခြားဂိုဏ်းတွေကို အထင်သေး အမြင်သေး ဖြစ်တတ်ကြတယ်၊ ကဲ့ရဲ့ ရှုတ်ချမိတတ်တယ်၊ ပြောဆိုမိကြတယ်၊ သတိထားကြ အခြားဆရာ၊ အခြားဂိုဏ်း၊ အခြားတရားနည်းတွေလဲ ကောင်းတာချည်းပဲ- ကျေးဇူးများတာချည်းပဲ-

ကိုယ့်ဟာမှ ကိုယ်မလုပ်ကြနှင့်။

အထင်သေး, အမြင်သေး, ကဲ့ရဲ့ရှုတ်ချပြောဆိုမိတယ်၊ ပြစ်မှားမိတယ်ဆိုရင် အပြစ်ကြီးတယ်၊ တရားက မတက်တော့ဘူး၊

အရပ်ထဲမှာ ရောင်းရင်းဝယ်ရင်း ဖြစ်တဲ့ ငရဲက တရားရိပ်သာ သူတော်ကောင်းတွေကြားမှာ ဖြစ်တဲ့ငရဲလောက် ကြောက်စရာမကောင်းဘူး၊

ယောဂီတို့ ကြပ်ကြပ်သတိထားကြ။

ကိုယ့်တရား ကိုယ်လုပ် ဘာမှ မပြောကြနှင့်။



# " ယူသွားနိုင်တာ ကုသိုလ်ပါ "

လူတိုင်း၊ လူတိုင်း လူမင်း နတ်မင်း ဗြဟ္မာမင်း အကြိမ်ကြိမ် ဖြစ်ခဲ့ကြရတာ၊

လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်, ဗြဟ္မာမင်း စည်းစိမ် တွေလဲ အကြိမ်ကြိမ် ခံစားဘူးကြတာဘဲ၊

အဲဒီ စည်းစိမ်တွေ အခုဘဝပါလာသေးလား၊ မပါဘူး၊ ပြစ်ထားခဲ့ရတာ-

ဒီဘဝ ရှာဖွေထား စုဆောင်းထားတဲ့ စည်းစိမ်တွေလဲ ယောဂီတို့ သေတော့ ယူသွားလို့ ရမလား ၊ မရဘူး, ပြစ်ထားခဲ့ရမှာဘဲ၊

ကိုယ်ဝတ်ထားတဲ့ လုံချည်, အင်္ကျီတောင် ချွတ်ထားခဲ့ရတာ။

ကိုင်း . . . ယောဂီတို့ ယူသွားနိုင်တာက - - ယောဂီတို့ ကိုယ်တိုင်လုပ်ထားတဲ့ ဒါန, သီလ, သမထ, ဝိပဿနာဆိုတဲ့ ကုသိုလ်ကံအကြောင်းတရား တွေဘဲ ယူသွားနိုင်တာ၊

ဒါ့ကြောင့် ယောဂီတို့ ကိုယ့်နောက်ပါမည့်
ကိုယ်ယူသွားနိုင်တဲ့ ဒီတစ်ရှူ့ တစ်ရှိုက် ကုသိုလ်တွေ
ကစပြီး ကြိုးကြိုးစားစား အားထုတ်သွားကြပါ။

# " နတ်တွေကြည့်နေတယ် "

နတ်တွေက လူတွေ ဘာလုပ်နေတယ်ဆိုတာ အမြဲကြည့်နေတယ် မြင်နေတယ်။

ယောဂီတို့ တရားအားထုတ်ဖို့ စိတ်ကူးတယ်၊ ပြင်ဆင်တယ်ဆိုရင်ဘဲ နတ်ကောင်း၊ နတ်မြတ်တွေက ဘယ်မြို့, ဘယ်ရွာ, ဘယ်သူကတော့ မာရ်နတ်နှင့် တိုက်ဖို့ စစ်ပြင်ဆင်နေပြီ ဆိုပြီး . . ပထမအကြိမ် သာဓုခေါ်ကြတယ်။

ဟော . . ယောဂီတို့ ခုလို စိတ်ကူးထားတဲ့ အတိုင်း၊ တကယ် တရားဝင်ပြီး တရားအားထုတ်နေတော့လဲ မာရ်နတ်နှင့် တိုက်နေပြီဟေ့ ဆိုပြီး၊

ဒုတိယအကြိမ် သာဓုခေါ်ကြပြန်တယ်။

နောက်ဆုံး - - ယောဂီတို့ တရားတကယ်လုပ်လို့ အဟုတ်တရား ရသွားပြီ ဆိုတော့လဲ-

မာရ်နတ်ကိုအောင်သွားပြီဟေ့ဆိုပြီး တတိယအကြိမ် သာဓုခေါ်ပြန်တယ်၊ ဒါ့ကြောင့်

ယောဂီတို့ နတ်တွေက ကြည့်နေတာနော်-

နတ်ကောင်း, နတ်မြတ်တွေ သာဓု သုံးကြိမ် ခေါ်ခံရအောင်ထိ -

အဟုတ်တရား အားထုတ်ကြ။



# " တစ်နေ့ နှစ်ကြိမ် ကြည့်တော်မူ "

ဘုရားရှင်က ဘုရားဖြစ်တော်မူပြီး (၄၅)ဝါ ကာလပတ်လုံး တစ်နေ့ကို နံနက်တစ်ကြိမ်- ညနေတစ်ကြိမ် တစ်နေ့ နှစ်ကြိမ် သတ္တလောကကြီးကို သမန္တစက္ခု သဗ္ဗညုတဉာဏ်ကွန်ရက်ဖြင့် ဖြန့်ကျက်ကြည့်ရှုတယ်။

ကျွတ်ထိုက်တဲ့ သတ္တဝါတွေကိုလဲ ခရေစေ့တွင်းကျ သိတော်မူတယ်၊ မြင်တော်မူတယ်--

ဘယ်လိုမြင်တော်မူတာလဲဆိုတော့ . .

သြော် -- ကိလေသာမြူ မထူထဲတဲ့ သတ္တဝါတွေ ရှိသေးတာဘဲ။

ငါဘုရားဟောရင်း နားလည်မည့်သူတွေ နောင်လဲ ရှိနေကြသေးတာဘဲ၊ အဲဒီသတ္တဝါတွေ ငါမဟောလို့ ငါ့တရားမနာရရင် ဆုံးရှုံးနစ်နာကြရှာတော့မှာပါလား-

အဲဒီလိုမြင်တော်မူတာ-

**ဘုရားရှင်သက်တော်ထင်ရှား ရှိတော်မူစဉ်က**

ဘုန်းကြီးတို့၊ ယောဂီတို့ ဘယ်ချောင်ကပ်နေမှန်းမှ မသိတာ၊ ဘယ်လိုရှောင်နေနေ, ကပ်နေနေ ဘုရားရှင်က

ဘုန်းကြီးတို့ ယောဂီတို့အတွက် သိတော်မူလို့ မြင်တော်မူလို့ ထားခဲ့တာ

မယုံမရှိကြနှင့် ယုံယုံကြည်ကြည် ကြိုးစား အားထုတ်ကြ။



# " ကြီးပွားချင်သလား "

ယောဂီတို့ရဲ့ မိရိုးဖလာ နတ်တွေကို ပစ်ပယ်ထားရမယ်လို့ ဆိုတာမဟုတ်ဘူး၊ ရတနာသုံးပါးလို ကိုးကွယ်ရာအဖြစ်မထားရဘူး၊ မိတ်ဆွေအဖြစ် ထားပေါ့၊ ပေးစရာရှိပေး၊ ကျွေးစရာရှိကျွေးပေါ့။

ပ-သ-ပေး ရမယ်လို့ ဘုရားရှင်ကတောင် ဟောထားတာ၊ နတ်တွေက သူတို့ ပ-သ တဲ့သူ, ပေးတဲ့သူကို မိဘသဖွယ်ပြန်စောင့်ရှောက်တာ- နတ်တွေစောင့်ရှောက်ခံရတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းချမ်းသာသာ နေရ,ထိုင်ရတယ်။

ရိုးရာနတ်တွေဆိုတာ လူတွေနှင့် လက်ရေတပြင်တည်းနေကြရတာ နီးတဲ့သူတွေနှင့် ပိုသင့်မြတ်ဖို့ အရေးကြီးတယ်။

ဘုရားရှင်ကတောင် - -

**" ကြီးပွားချင်တဲ့လူဟာ အနီးက ပုဂ္ဂိုလ်တွေနှင့် ပိုပြီးတည့်အောင် ညီညွတ်အောင် နေရမယ်"** လို့ ဟောထား တာ။

ယောဂီတို့ ကြီးပွားချင်ရင် ကိုယ်ရတဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေ မေတ္တာများများပို့ အားလုံးနှင့်လဲ ညီညွတ်အောင်နေကြ. . . ။

## " စုပုံထားလို့ ရမယ်ဆို "

ယောဂီတို့ရဲ့ - - တစ်ရှူ တစ်ရှိုက်အတွင်းဖြစ်တဲ့ ကုသိုလ်စိတ်ကလေးကို စုပုံထားရမယ်ဆိုရင်-

လှည်းအစီး တစ်ရာကျော်တိုက် စပါးတင်းပေါင်း ရှစ်ထောင်ကျော်က စပါးစေ့တွေလောက် မကဘူးတဲ့။

ယောဂီတို့ စပါးစေ့ မပြောပါနှင့်-

လှည်းအစီး တစ်ရာက စပါးကိုပဲ ကြည့်ပါဦး၊ ဘယ်လောက်များသလဲ ယောဂီတို့ အခုလို တရားအားထုတ်လို့ ရတဲ့ ကုသိုလ်မျိုးတွေက ရဖို့မလွယ်ဘူး။

ရတနာသုံးပါးရဲ့ ဂုဏ်တော်, ကျေးဇူးတော်တွေက ယုံနိုင်စရာမရှိဘူး။

အားရ ကျေနပ်စရာ သိပ်ကောင်းတာ၊ ကြိုးစားကြ။



## " ပြုရမည့် ပရိကံ "

ယောဂီတို့ တရားစမထိုင်မှီ- ရဟန်းတော်တွေဆိုလဲ ဒေသနာကြားရပါတယ်။

ဒကာ- ဒကာမ တွေဆိုလဲ (၉)ပါးသီလ ဆောက်တည်ကြရပါတယ်။ ပန်း, ရေ, ချမ်း ဆီမီး, အမွှေးတိုင်, များလဲ ညှိထွန်းပူဇော်ရပါတယ်။ နောက်. . . ဂင်္ဂါဝါဠု-သမုဒ္ဒါဝါဠု သဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားအဆူဆူ ပစ္စေကဗုဒ္ဓါ, အရိယာ ရဟန္တာတို့နှင့်တကွ ဆရာသမား, မိဘ တွေကိုလဲ အစမထင် သံသရာကစပြီး ယခုအချိန် အထိ ကာယကံ-ဝစီကံ-မနောကံ တို့ဖြင့် ပြစ်မှားခဲ့သည် ရှိသော် သည်းခံတော်မူကြပါ၊ ကြေအေးတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါလို့ တောင်းပန်ပြီး-

ယောဂီတို့ရဲ့ ခန္ဓာငါးပါး ရုပ်,နာမ် တရားကိုလဲ ဘုရားရှင်နှင့်တကွ ဆရာသမားတွေကို အပ်နှင်းရပါတယ်။

သတ္တဝါတွေလဲ မေတ္တာပို့ ပေးရတယ်။

ဒါယောဂီတို့ရဲ့ တရားမထိုင်မှီ ပြုရတဲ့ ပရိကံလို့ ခေါ်တယ်။ ဒီလိုအပ်နှင်းထားတော့ ကုသိုလ်တွေလဲ တိုးလာတယ်။ အနှောင့် အယှက်တွေလဲ မဝင်နိုင်တော့ ဘူးပေါ့။

ဒါယောဂီတို့ တရားထိုင်တိုင်း ထိုင်တိုင်း ပြုရမည့် ပရိကံတွေ

မှတ်ထားကြ။



## " ဆုတောင်းပြီး အမျှဝေကြ "

ယောဂီတို့ တရားထိုင်ပြီး တရားအားထုတ်ပြီးတိုင်းလဲ ခုအားထုတ်ရသော တရားတော်တို့ဖြင့် ဘုရားကိုလဲ ပူဇော်ပါ၏။ တရားတော်ကိုလဲ ပူဇော်ပါ၏။ သံဃာတော် ကိုလဲပူဇော်ပါ၏။

ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်ရပါလို၏။

နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ရပါစေလို၏ လို့ ဆုတောင်းပြီးမှ ဤကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်က စပြီး မိဆိုင်, ဖဆိုင်, ကွင်းပိုင် နယ်ပိုင်နတ်အပေါင်းကို အမျှပေးဝေပါ ဒီလိုမေတ္တာပို့ အမျှဝေလိုက်တော့-

ဆိုင်ရာ ဆိုင်ရာ နတ်တွေက ဝမ်းသာကြပြီး မိမိရဲ့ သားရင်း၊ သမီးရင်းပမာ ကောင်းကျိုးချမ်းသာလိုလားပြီး ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြမှ-

ယောဂီတို့ ကြာလာရင် သိသာမြင်သာလာလိမ့်မယ်၊

ယုံယုံကြည်ကြည်သာလုပ်ကြ။

## " ကမ္ဘာပျက်ပေမယ့် မပျက်စီးတဲ့တရား "

ယောဂီတို့ ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုဆိုတာ တစ်ကြိမ်, တစ်ခါပြုလုပ်ထားရင်- အဲဒီကုသိုလ်တွေက

မီး, ရေ, လေ တို့ကြောင့် ကမ္ဘာကြီးပျက်စီး သွားပေမဲ့ ယောဂီတို့ ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အကြောင်းတရားတွေက ပျောက်မသွားဘူး, ပျက်မသွားဘူး, ဆွေးမြည့်မသွားဘူး။

ကြည့်ပါလား မြတ်စွာဘုရားရှင်က-

" **လွန်လေပြီးသော ကမ္ဘာတစ်သိန်း အထက်က ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အကြောင်းတရားတွေက ယခုထိ အကျိုးပေးတုန်းတဲ့** "

ယောဂီတို့ အခုပြုနေတဲ့ တစ်ရှူ တစ်ရှိုက် ကုသိုလ်ကံ အကြောင်း တရားတွေကလဲ

ကမ္ဘာတစ်သိန်း တိုင်အောင် နိဗ္ဗာန် မရောက်မချင်း အကျိုးပေးသွားမှာ -

ကြိုးစားကြ။



## " ကိုယ့်ဝေစု ကိုယ်ယူသွားကြ "

ဘုန်းကြီးတို့ ယောဂီတို့ အခုရောက်နေကြတာ အပျက်တောကြီးထဲ ရောက်နေကြရတာ, ခေတ်ကြီးက ပျက်ပြီးရင်း ပျက်ရင်း,

တစ်ပျက်ထဲ ပျက်နေတဲ့ အပျက်တောကြီး-

ဒါကြောင့် ဘုရားရှင်က

ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ အထူးသတိပေးသွားတာ-

ချစ်သား-ချစ်သမီးတို့

" **မေ့မေ့လျော့လျော့ မနေကြနှင့်၊ သတိလက်မလွတ်ကြနှင့်၊ သတိမြဲကြ၊ အမြဲတမ်း ရှုမှတ်မှုသတိကလေးနှင့် နေကြ** " လို့မှာတော်မူသွားတာ-

ဒီသာသနာတော်မှာ သတိမြဲပြီး ဝီရိယရှိတဲ့ပုဂ္ဂိုလ်တွေ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ အသီးသီး ကိုယ့်ဝေစု ကိုယ်ယူသွားကြပြီ။

ယောဂီတို့လဲ ကိုယ့်ဝေစု ကိုယ်အရယူနိုင်အောင် ကြိုးစားပြီး ဒီဘုရား သာသနာတော်မှာပဲ

ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း ဇာတ်သိမ်း၊ နိဗ္ဗာန်ဝင်စံ ရအောင် ကြိုးစားအားထုတ်ကြ။

## " အမြတ်ဆုံးဥစ္စာ "

ယောဂီတို့ ခုလို ရက်(၆၀) တရားစခန်း ဝင် အားထုတ် လိုက်တော့ မြန်မာပြည်တွင်းက ဘုရားစေတီ တော်တွေ, အိန္ဒိယ, သီဟိုဠ် စတဲ့ ဗုဒ္ဓဂါယာက ဘုရား စေတီတော်တွေ

အထက် တာဝတိံသာ, ဗြဟ္မာ့ပြည်က ဘုရားစေတီ တော်တွေဖူးရတော့ လူတိုင်း၊ လူတိုင်း သဒ္ဓါတရားတွေ တိုးကြ တာပေါ့-

ခိုင်မာတဲ့ ဗုဒ္ဓဘာသာဖြစ်ဖို့က သဒ္ဓါတရားက လိုရင်းဘဲ ကြည့်ပါလား။

အာဠဝကဘီလူးကြီးက ဘုရားရှင်ကိုလျှောက်တယ်-

" **သတ္တဝါတွေမှာ အရေးကြီးဆုံး အမြတ်ဆုံး ဥစ္စာဟာ ဘာလဲ** " ဘုရားဆိုတော့ ဘုရားရှင်က-

" **ယုံကြည်ခိုင်မာတဲ့ သဒ္ဓါတရားပဲ** " လို့ဖြေတော် မူတယ်-

ခုလဲပဲ

ယောဂီတို့ ကိုယ်တိုင် ဘုရား၊ စေတီတော်တွေ ဖူးရမြင်ရတော့ ခိုင်မာတဲ့ သဒ္ဓါတရားတွေ တိုးတာပေါ့။



ကျန်တဲ့ ပုဂ္ဂိုလ်တွေလဲ ကိုယ့်အတွက်နှင့် ခိုင်မာတဲ့ သဒ္ဓါတရားတွေ တိုးတော့ ပိုအကျိုးရှိတာပေါ့။

ဒီထက်မက ခိုင်မာတဲ့ သဒ္ဓါတရား တိုးအောင် ကြိုးစားကြ . .

## " တရားလက်လွှတ် ငှက်တောင်ကျွတ် "

အတောင်ပံအားကိုးပြီး၊ ပျံသန်းနေရတဲ့ ငှက်ဟာ- တောင်ပံကျွတ်သွားရင် ကျိုးသွားရင် ပျံသန်းနိုင်ဦးမလား။

လူတွေကလဲ ငယ်ရွယ်- သန်မြန်တဲ့အချိန် သွားနိုင်လာနိုင်တုန်းက ဒါန-ဆိုတဲ့ အလှူအတန်းကိုလဲ တတ်နိုင်သလောက် မလှူမတန်း၊ သီလ-ဆိုတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ ကိုလဲ ဟုတ်တိ ပတ်တိ မဆောက်တည်။ သမထ, ဝိပဿနာ တရားကိုလည်း တစ်နာရီ ၊ တစ်ရက်မှ ပြည့်အောင် မထိုင်၊ သားကျွေးမှု၊ မယားကျွေးမှုတွေနှင့် ရက်တွေ လတွေ, နှစ်တွေကုန် အသက်အရွယ်တွေက ကြီးလာတော့ ခြေမနိုင်၊ လက်မနိုင်ဖြစ်တဲ့အချိန် ဘယ်တရားကို အာရုံပြုရမယ်- ဘာကို မှတ်နေရမယ် ဆိုတာတောင် မသိတော့ဘူး။

ဒါနဲ့ မိမိပြုလုပ်ခဲ့တဲ့ မကောင်းတဲ့ နိမိတ်ကထင်လာ၊ အာရုံတွေလွဲမှားပြီး အပါယ်လေးပါးဆိုတဲ့ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘဝတွေရောက်ရော့-

ကိုင်း-ဘုရားသာသနာတော်ကြီးနှင့် တွေ့ပါလျက် အပါယ်လေးပါးရောက်သွားတာ---



ကြောက်စရာမကောင်းဘူးလား ၊
သနားစရာ မကောင်းဘူးလား၊
**"ဒါကြောင့် တရားလက်မလွှတ်စေကြနှင့်"**

## " မရှိတာထက် မသိတာခက် "

ဘုန်းကြီးကတော့ ဘုန်းကြီးဆီ

သူဌေးလာလာ, သူကြွယ်လာလာ, ဆင်းရဲသားလာ

လာ။

ပထမဆုံး ရှိခိုးဝပ်ချကန်တော့တာကိုဘဲ အရင် ကြည့်လိုက်တာ တစ်ချို့ ပိုက်ဆံတာပေါ်တာ ကန်တော့ တာတောင် ကောင်းကောင်း မကန်တော့တတ်ဘူး၊ သနား စရာ၊

ပြင်ပေးမဲ့ ဆရာသမားကမရှိ ဘုန်းကြီးကတော့ တစ်ချို့ပြင်ပေးလိုက်ပါတယ်။

တစ်ချို့ကြတော့ ရာထူး အာဏာတွေကလဲကြီး တော့ လူကြားထဲ သူတို့ပြင်ပေးလိုက်ရင် ရှက်သွားမှာစိုး တာနှင့် ပြင်မပေးလိုက်ဘူး။

ဘုန်းကြီးက စဉ်းစားတယ်။

ဩော်--- သာသနာတော်ကြီးနှင့် တွေ့လို့မှ ဘယ်လို ဝပ်ချကန်တော့ရကောင်းမှန်း မသိဘူး၊ သနား



စရာကောင်းလိုက်တာ-

မရှိတာက--- တောင်းစားရတယ်

ခိုးစားရတယ်

တိုက်စားရတယ်

လုစားရတယ် ငတ်မသေနိုင်ဘူး။

မသိတာက-- တစ်သံသရာလုံး သွားရော။

## " ပုဂ္ဂိုလ် (၄)မျိုး "

ယောဂီတို့ ခုလို့ သာသနနှင့်တွေ့ကြုံဆုံဆည်းရတဲ့ အခိုက် ကြိုးစားအားထုတ်ကြ ဒီဘဝဒီအချိန် လူဖြစ်တဲ့ ပုဂ္ဂိုလ်တိုင်း ကံကောင်းတယ်။

ပုဂ္ဂိုလ်ကလဲ (၄)မျိုးရှိတယ်။

၁။ သာသနာနှင့် တွေ့ပြီး၊ လူမဖြစ်တဲ့-ပုဂ္ဂိုလ်

၂။ လူဖြစ်ပြီး သာသနာနှင့် မတွေ့တဲ့-ပုဂ္ဂိုလ်

၃။ သာသနာနှင့်လဲမတွေ့ လူလဲ မဖြစ်တဲ့-ပုဂ္ဂိုလ်

၄။ သာသနာနှင့် လဲတွေ့ လူလဲဖြစ်တဲ့-ပုဂ္ဂိုလ်

ခုယောဂီတို့ သာသနာနှင့် လဲတွေ့ပြီး လူလဲ ဖြစ်နေပြီ၊ သာသနာအတွင်း ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန်, သံဃာစစ်၊ သံဃာမှန် ရှိနေသေးတာ-

**ကြိုးစားကြ အချိန်မှီသေးတယ်။**



## " အချိန်မဆိုင်း အကျိုးပေး "

ဘုရားရှင်ရဲ့ တရားတော်တွေက-

**သန္ဒိဋ္ဌိကော**- ကိုယ်တိုင်ရှု- ကိုယ်တိုင်ပွား၊ ကိုယ်တိုင်အား ထုတ်ပါတဲ့၊

အဲဒီလို အားထုတ်လိုက်ရင်-

**အကာလိကော**-နေ့မဆိုင်း, ညမဆိုင်း, ရက်မဆိုင်းဘဲ ဒီဘဝတွင်ဘဲ အကျိုးပေးတယ်လို့ ဆိုထားတယ်။

ခုခေတ် လူတွေက တရားတော့ အားမထုတ်ခြင်း ကြဘူး၊ လောကီအကျိုး၊ လောကုတ္တရာ အကျိုးတွေကြ တော့ လိုချင်လိုက်ကြတာ . . . ဟင်

တရားအားထုတ်ရင် လောကီစီးပွားရေးတွေက တိုးလာတာဘဲ ရှိတာ။ ဆုတ်ယုတ်သွားတယ်ဆိုတာ မရှိဘူး။

ယုံယုံကြည်ကြည်သာ အားထုတ်ကြပါ။

မယုံကြည်ရင်တော့ မရဘူး။

# " ဒုတ်ပြီး ခါးပြီး "

လူတိုင်းလူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း သူ့ဘဝ, သူ့နေရာမှာတော့-

သူ့ဒုက္ခနှင့် သူတော့ရှိကြတာဘဲ

ဒုက္ခနှင့် ကင်းတဲ့လူ ဒုက္ခမရှိတဲ့ သတ္တဝါဆိုတာ မရှိဘူး၊ တစ်သံသရာလုံး ဒုက္ခနှင့် လာခဲ့ကြရတာ။

ဘုရားရှင်တောင် ဝဋ်ဒုက္ခကရှောင်လို့ တိမ်းလို့ မရဘူး။

ဒါတောင်

လူတွေကဒုက္ခတွေ့ရင် သံဝေဂမရကြဘူး။

ဒုတ်ပြီး၊ ခါးပြီး တွေ ကြနေတာဘဲ--ဟင်။

တော်တော်သံဝေဂရစရာ ကောင်းတာ။

ဒီဒုက္ခပေါင်းစုံက လွတ်မြောက်အောင် ဘုရားရှင်ရဲ့ တရားတော်မှ တပါးဘယ်တရားကမှ

ဒုက္ခက လွတ်အောင်မကယ်နိုင်ဘူး။

ဒါကြောင့် ဒုက္ခပေါင်းစုံ ကင်းသတဲ့ကင်းအောင်

လွတ်သတဲ့ လွတ်အောင် ကြိုးကြိုး

စားစား အားထုတ်ကြ။



# " မိမိရရ ကိုးကွယ်ကြ "

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ** လို့ ဘုရားရှင်က ဟောထားခဲ့တဲ့ အတိုင်း ဘုရား, တရား, သံဃာ ဆိုတဲ့ရတနာသုံးပါးကိုဆည်းကပ် ကိုးကွယ်ကြတဲ့အခါ-

**ဂစ္ဆာမိ** - ဆိုတဲ့အတိုင်း မိမိရရ ကိုးကွယ်ကြ, မမိတမိ မထိတထိ ကိုင်ထား ကိုးကွယ်ထားရင် အပါယ်လေးပါး ချောက်ကြီးထဲ ပြုတ်ကြမှာ -

မိမိရရ ကိုင်ထား၊ ကိုးကွယ်ထားတော့ ယခုမျက်မှောက် ဘဝရော- နောင်တမလွန်ဘဝရော-

ဘေးရန် အန္တရာယ်တွေလဲ ကင်းရှင်းမယ်၊

လောကီ လောကုတ္တရာ စည်းစိမ်တွေလဲ တိုးတက်တယ်။

ကောင်းတဲ့သုဂတိ၊ ဘုံဘဝလည်း ရောက်ရတယ်၊

မဂ်ဖိုလ်-နိဗ္ဗာန် ချမ်းသာ ကိုလည်း ဘဝတိုတို့နှင့် ခံစား စံစားရောက်ရှိနိုင်တာပေါ့၊

ဒါကြောင့် - ရတနာသုံးပါးကို ရိုရိုသေသေ မိမိရရ ဆည်းကပ်ကိုးကွယ်ကြ။

## " အို့မင်းမစွမ်း"

**အိုရင် မင်း မစွမ်းတော့ဘူးတဲ့** --- ဟုတ်တယ်။

ဘုန်းကြီးတို့က အိုပြီ၊ အသက်တွေကြီးပြီ, အရင်လို မဟုတ်တော့ဘူး၊ တရားစစ်ရတာ မောလာတော့တာ, ဆာလာတော့တာ၊ မနက်ပိုင်းတွေ တရားစစ်ရတာဆိုတော့ နေ့ဆွမ်း မဘုဉ်းပေးမှီ ဆန်ပြုတ်ကို (၂)ခါ၊ (၃)ခါလောက် ဘုဉ်းပေးရတာ မလွယ်ဘူး။။

ဦးဇင်းတို့က ငယ်ရွယ်သေးတယ် ကြိုးစားကြ။

ဒီကန္နီနည်းက ပြသ မည့်သူရှားပါးတယ်၊ မရှိ သလောက်ပါပဲ။ တခြား တခြားနည်းတွေက ပြသမည့်သူ ပြည့်ပြည့်စုံစုံရှိတယ်။

ဒီကန္နီနည်းက အင်မတန်လဲ နက်နဲသိမ်မွေ့တယ်၊ ဦးဇင်းတို့လဲ ဒီကန္နီနည်းနှင့် စွမ်းနိုင်သလောက် ပြသနိုင် အောင် ကြိုးစားကြ။

သာသနာတော်ကိုလဲ တစ်ဖက်တစ်လမ်းကနေ စောင့်ရှောက် ချီးမြှောက် သာသနာပြုကြပါဘုရား။



## " သံယောဇဉ်ဖြတ် တရားမှတ် "

' သံယောဇဉ် ' ဆိုတာ

လောကီ သံယောဇဉ် အနှောင်အဖွဲ့တွေက-

မဖြတ်နိုင်ရင် . . . မပြတ်ဘူး။

မပြတ်ရင်. . . တရားမကျင့်နိုင်ဘူး။

တရားမကျင့်နိုင်ရင် မဂ်ဖိုလ် နိဗ္ဗာန် မရနိုင်တော့ဘူး

"သံယောဇဉ်" ဆိုတဲ့ စကားက

"သံယော" ဆိုတဲ့ အတိုင်း ကိုယ်သန်တဲ့ ဘက်ယော ပါသွားတာ။

အဲဒီလို ယောပါသွားတော့

ယော. . . နောက် ဇဉ်ဆိုတဲ့အတိုင်း

ဇဉ်တိုက်- ဇက်တိုက်ကြီး ပါသွားတော့ ဖြတ်မရတော့ ဘူး။ မကောင်းတဲ့ လောကီသံယောဇဉ်တွေ ဖြတ်မ ရတော့-

တစ်သံသရာလုံး ကြက်ဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ငှက်ဖြစ်လိုက်နှင့် သွားရော။

တွေးကြည့်လေ၊ အင်မတန်ကြောက်စရာ ကောင်းလေဘဲ၊

ယောဂီတို့ ဘုရားသာသနာနဲ့တွေ့တုန်း
လောကီ သံယောဇဉ်တွေ ဖြတ်တောက်ပြီး
အချိန်ရှိတုန်း ကိုယ့်တရား ကိုယ်ဘဲကြိုးစား
အားထုတ်ကြ။



## " လည်လွှန်း၍ လွဲခဲ့ကြ "

ဘုန်းကြီးတို့ရော ယောဂီတို့ရော-

ဂင်္ဂါဝါဠု သဲစုမက- သမုဒ္ဒဝါဠု သဲစုမက ဘုရားအဆူဆူပွင့်သွား ကြတာတောင် ပါမသွားဘူး။

ဘယ်ချောင်ကပ်ပြီး ဘယ်ရှောင်တိမ်းလို့ ဘယ်အလည်လွန်နေကြတယ် မသိဘူး။

ဘုန်းကြီးလည်တွေ
ယောကျ်ားလည်တွေ
မိန်းမလည်တွေ - ချည်းပဲ

သံသရာလုံး လည်လာခဲ့တာ ရှောင်တိမ်းခဲ့တာ ကိုယ့်ကိုကိုယ် သနားစရာ ဝမ်းနည်းစရာတွေ။

ခု ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်တွေ တွေ့လဲတွေ့နေပြီ။

အချိန်လဲ ရသေးတယ် -- အားထုတ်လို့လဲ ရသေးတယ်။

ချောင်ကပ် မနေကြတော့နှင့် ရှောင်တိမ်း
မနေကြတော့နှင့်-
ကြိုးစားအားထုတ်ကြတော့. . .

## " တက်ကပ်မဟုတ်, ဆုတ်ကပ် "

မြတ်စွာဘုရားရှင် ထားတော်မူခဲ့တဲ့ သာသနာတော်ကြီးက ဆုတ်ကပ်လို့ ဟောတော်မူထားခဲ့တဲ့ အတိုင်း

ဘုရားဟောနှင့်အညီ တစ်နေ့နှင့် တစ်နေ့ တစ်ရက်နှင့်တစ်ရက်၊ တစ်လနှင့် တစ်လ, တစ်နှစ်နှင့် တစ်နှစ် မတူတော့ဘူး ဆုတ်နေတာ ဘုရားရှင်ကလဲ တက်ကပ်လို့ မဟောခဲ့ဘူး။

ဆုတ်ကပ်လို့ ဟောထားခဲ့တာကိုပဲ ကြည့်ပါလား။

မြို့မှာရော တောမှာရော ရှိကြတဲ့ ဘုန်းကြီးတွေဘက်ကြည့်ကြည့် လူတွေဘက်ကြည့်ကြည့်

ဘုရားကြည်ညိုမှု တရားကြည်ညိုမှု သံဃာကြည်ညိုမှုတွေ တဖြည်းဖြည်း နည်းလာကြတော့တာ-

ရိုသေလေးစားမှု ဂါရဝတရားတွေလဲ မရှိကြဘူး။

ရိုင်းကြတယ်။

ကြာလေ သာသနာတော်ကြီးက ဆုတ်လေ၊

ကြောက်စရာ ကောင်းလေပဲ။

ဒါကြောင့် ယောဂီတို့ ဘယ်သူပျက်ပျက် မပျက်ကြနှင့်။ ရတနာသုံးပါးကို ရိုသေကြ၊ လေးစားကြ မမေ့ကြနှင့်။



## "ဘယ်ဘဝ နေကြမလဲ"

ဘုရားရှင်ရဲ့ သာသနာအတွင်း ကာလ အားထုတ်ရတဲ့-

တစ်နာရီ, တစ်ရက်, တစ်လ, တစ်နှစ် ရှုရှိုက်ရတဲ့ တစ်ရှု တစ်ရှိုက် ကုသိုလ်တွေက နည်းတာမဟုတ်ဘူး။

ဒီလိုဘဝ, ဒီလိုရှု ရှိုက်နေရတဲ့ ကိုယ့်ရဲ့အသက်တန်ဖိုးကလဲ ဘာနှင့်မျှ တန်ဖိုးဖြတ်လို့ မရဘူး။

**ကိုင်းထားပါ-**

ကြက်တွေ၊ ဝက်တွေ ငှက်တွေ တိရစ္ဆာန်တွေ တစ်ကမ္ဘာ အသက်ရှင်နေရတဲ့ ဘဝနှင့်-

ဘုရားသာသနာတော်အတွင်း ဒီလို လူ့ဘဝမှာ ဘုရားဟောထားခဲ့တဲ့ တရားတော်တွေကို တစ်ရှုတစ်ရှိုက် အသက်ရှင်နေရတဲ့ ဘဝ

ယောဂီတို့ ဘယ်ဘဝကို ယူကြမလဲ၊

ဘယ်ဘဝကို နေကြမလဲ၊

ကိုင်း -- မှန်မှန် ပြော, မလိမ်ကြနှင့်. . .

## " တန်ဖိုးသိ , တန်ဖိုးရှိအောင် နေကြ "

ယောဂီတို့ ကိုယ့်ဘဝ-ကိုယ့်တန်ဖိုး သိရင်, တန်ဖိုးရှိအောင် တရားဘာဝနာတွေ များများ အားထုတ်ကြ။

နောက်ဆို တရားဓမ္မတွေ လမ်းညွှန်ပြသမည့် ဆရာသမားတွေနှင့် တွေ့ဘို့ဆိုတာ မလွယ်ဘူး။

ဆရာသမားတွေ ကတဖြည်းဖြည်း နည်းကုန်ကြပြီး သိပ်နှမြောစရာ ကောင်းတာ။

ကိုယ့်ဘဝ ကိုယ့်တန်ဖိုး မသိတဲ့လူတွေကတော့ နှမြောရကောင်းမှန်း ဝမ်းနည်းရကောင်းမှန်း မသိကြဘူး၊

တစ်ရက်ကုန်, တစ်ရက်နှမြောစရာကောင်းလေပဲ။

တစ်လကုန် , တစ်နှစ်ကုန်သွားတော့ ပိုနှမြောစရာကောင်းတာပေါ့။

တစ်ရက်နေရ တစ်ရက်တန်ဖိုးရှိအောင်နေကြ။

ခုမှတ်နေတဲ့ ထိ, သိ, လေးကိုလဲ မလွတ်စေကြနှင့်။

ယောဂီတို့ တစ်ရက် , တစ်နာရီ တန်ဖိုးတွေ ကျေးဇူးတရားတွေ သိနေတော့-

ဘဝတန်ဖိုး ရှိအောင် နေသွားကြ။



## " တစ်လှမ်းခြင်းသွား, တစ်လုပ်ခြင်းစား"

ယောဂီတို့ နိမိတ်ပို့လွှတ်တဲ့အခါ လောဘမကြီးရဘူး။ ခိုင်းတဲ့အတိုင်း၊ တစ်တောင်ခြင်း ပို့ရ လွှတ်ရတာ။

**ဥပမာ . . .** ဆိုကြပါစို့

ယောဂီတို့ ဘယ်သွားသွား ခရီးသွားရင် တစ်လှမ်းခြင်း စမသွားရဘူးလား ၊

ထမင်းစားရင်ကော တစ်လုတ်ခြင်း မစားရဘူးလား၊ အေး အဲဒီလိုပေါ့-

နိမိတ် ပို့လွှတ်တဲ့အခါလဲ ခိုင်းထားတဲ့အတိုင်း ခိုင်းတဲ့နေရာကိုသာ ပို့ပါ။

မြတ်စွာဘုရားက ဘုန်းကြီးတို့ ယောဂီတို့အတွက် သနားတော်မူလို့ သိတော်မူလို့ ဟောထားခဲ့တာ။

ဘုရားတရားတော်တွေ ဘာမှ မဝေဖန်ကြနှင့်၊

ဘုရားတရားတော်တွေက အကုန်လုံး နိဗ္ဗာန်ရောက်ကြောင်းတရား တော်ချည်းဘဲ၊

ကြိုးစား အားထုတ်ကြ။

## "မယုံမရှိနဲ့ ကိုယ်တွေ့"

မြတ်စွာဘုရားရှင်က ဘာကုသိုလ်ကောင်းမှုပဲ လုပ်လုပ် လုပ်ပြီးရင် ကိုယ်စောင့်နတ်ကစပြီး မေတ္တာပို့ အမျှတန်းပေးဝေ ပါတဲ့။

ဒါဆို ကိုယ်စောင့်နတ်ကစပြီး ဆိုင်ရာ, ဆိုင်ရာ နတ်တွေက မိမိကိုယ် အမြဲစောင့်ရှောက်ပေးတယ်လို့-

ဘုရားက ဟောထားတာ၊ မယုံမရှိကြနှင့် တစ်ခါ တစ်ရံ အနှောင့်အရှက် ပေးတတ်ကြတယ်။

ယောဂီတို့ တရားအားထုတ်မရတာ ဘုန်းကြီးတုန်း ကလောက်မဆိုးပါဘူး။

**ဘုန်းကြီး အင်ချောင်မှာ တရားအားထုတ်စဉ်က-**

ဆေးဓားတစ်ချောင်း အနီးနားထားပြီး ခုတ်လိုက်, ထစ်လိုက်ပြန်ထိုင်လိုက် အဲဒီလိုလုပ်ပြီး တရားအားထုတ် ခဲ့ရတာ. . မလွယ်ဘူး။

ဘုန်းကြီးတော့ အမျိုးမျိုးတွေ့ အမျိုးမျိုးခံစားခဲ့ရတာ ဘုန်းကြီးကတော့ ဒါတွေ ဝဋ်ကြွေးတွေဘဲလို့ သဘော ထားလိုက်တယ်။

ယောဂီတို့ ဖြစ်တာက ဘုန်းကြီးလောက် မဆိုးဘူး။

မေတ္တာများများပို့ အမျှဝေပြီး ဆက်အားထုတ်ကြ။



## " ဒီတိုင်းထား ဒီတိုင်းဖြစ် "

**အဿာသ, ပဿာသ** လို့ ဆိုတဲ့-

ထွက်လေ- ဝင်လေ ကလူတိုင်း လူတိုင်းမှာ ရှိပြီးသား၊ တစ်နာရီကို ထွက်လေက (၃၆၀) ၊ ဝင်လေက (၃၆၀) ဒါလူတိုင်းရှိတာ၊ လူတိုင်း ဒီထွက်လေ-ဝင်လေနှင့် သွားလာ လှုပ်ရှားနေရတာ။

အဲဒီထွက်လေ-ဝင်လေကို တရားမရှုမှတ်ဘဲ- ဒီတိုင်း ဖြစ်ထားရင် ဒီတိုင်းဖြစ်နေမှာဘဲ-

တစ်သက်လုံး ဖြစ်တာ တစ်သက်လုံး အလကား ဖြစ်သွားမှာ-

တရားရှုမှတ် ရမှန်းမသိလို့ ဖြစ်ထားပြီး သေသွား ကြတဲ့ လူတွေလဲ ရေတွက်လို့ မရဘူး။

ခုယောဂီတွေ သိလို့ အလကားဖြစ်မထားဘဲ- တရားရှုမှတ်နေတော့ ပစ္စုပ္ပန်ဘဝရော, တမလွန် ဘဝရော အကျိုးရှိပါပေ့။

အိမ်ရောက်လဲဖြစ်မထားကြပါနှင့် သွား, ရပ်, ထိုင်, လျောင်း ဆိုတဲ့ ဣရိယာပုတ်လေးပါး စလုံး မှတ်နေကြ။

## "သတိတရား လက်ကိုင်ထား"

**" သတိတစ်လုံး, အစဉ်သုံး, အဆုံး နိဗ္ဗာန်သတ်"**

**" သတိမမူ ဂူမမြင်, သတိမူတော့ မြူကိုမြင်"**

ဆိုတဲ့စကားအတိုင်း

' သတိ ' ဟာ ဘယ်လောက်ထိ အရေးပါအရာရောက်သလဲဆိုတာကြည့် နိဗ္ဗာန်ထိ ပို့နိုင်တယ် ရောက်နိုင်တယ်-

" **သတိဆိုတာ ပိုတယ်မရှိ လိုတယ်တာရှိ** ' တဲ့။

ဥပမာ . . . လောကလူ့ရပ်ရွာထဲမှာ ရှိကြပါတယ်။

ကိုယ့်အိမ်ကနေ အပြင်ကိစ္စရှိလို့ ဖြစ်စေ, ဘုရားဖူးသွားလို့ဖြစ်စေ ခရီးထွက်တော့မယ်ဆို-

မိဘ, အကြီးအကဲတွေက ' နင်တို့ သတိထား' သွားကြနော်လို့ ခဏခဏ မမှာပေဘူးလား . . . မှာကြတာပေါ့။

အေး--ယောဂီတို့လဲ နိဗ္ဗာန်တည်းဟူသော ပန်းတိုင်

ရောက်ဖို့ အတွက် သတိမလွတ်ကြစေနှင့်။

နေ့နေ့ ညည သတိနှင့် နေကြ။



## "အမောင်တို့ လက်ထဲမှာ ရှိတယ်"

အသက်တွေကကြီးလာတော့ မဟန်ဘူး၊

လှည်းအိုကြီးလိုဘဲ ဟိုဘက်ကတုတ်လိုက်၊ ဒီဘက်ကလျှော့လိုက်။ ဒီဘက်က တုတ်လိုက် ဟိုဘက်ကလျှော့လိုက်. . နှင့်မဟန်ဘူး။

အသက်ကြီးလာတော့ မေ့တာက ပိုသေး, ဆာတာက ပိုသေး မလွယ်ဘူး ဒါကြောင့်၊

ဘုန်းကြီး ပခုက္ကူ အလယ်တိုက်ကြီး နေ့စဉ်က ဆရာတော်သုန်နှင့် ဆရာတော်နန်းဆိုတဲ့ ဆရာတော်ကြီး (၂)ပါးရှိတာ ဆရာတော်နန်းက ဥပုသ်နေ့ ဥပုသ်ပြုပြီးတိုင်း သံဃာတွေကို အမြဲဩဝါဒ ပေးတယ်။

**' အမောင်တို့ ကြိုးစားကြ, ဒီသာသနာတော်ကြီးက**

**အမောင်တို့ လက်ထဲမှာရှိတယ် ကြိုးစားကြ '**

အဲဒီလို့ မကြာခဏ ဩဝါဒ ပေးတယ်။

ခုလဲပဲ ဦးဇင်းတို့ ဒီကန္နီနည်းကို ကြိုးစားအားထုတ်ကြ၊

ဒီနည်းပြန့်ပွားအောင် ပြမည့် ဆရာသမားတွေ့က မရှိကြတော့ဘူး။

ဒီကန္နီနည်းက မောင်ပဥ္စင်းတို့ လက်ထဲမှာဘဲ ရှိတော့တာ. . .

# " အနစ်နာခံပြီး ပါရမီတွေဖြည့် "

တစ်ချို့လူတွေများ၊ အတိတ်ဘဝက ပါရမီ ဓာတ်ခံတွေနည်းခဲ့ကြတော့ တရားအားမထုတ်နိုင်ကြ ဘူး။

ယောဂီတို့ကတော့ အတိတ်ဘဝက ပါရမီဓာတ်ခံ တွေအားကောင်းခဲ့ကြလို့ ခုလို တရားအားထုတ်ခွင့်ရတာ တရားအားထုတ်နိုင်တာ မြတ်စွာဘုရားရှင်တောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထဲက **တစ်ကမ္ဘာကိုဘဲ** စဉ်းစားကြည့်. . .

**' အနမတဂ္ဂ '** သံယုတ်မှာ

အလျား တစ်ယူဇနာ, အနံတစ်ယူဇနာရှိတဲ့ ဂိုဒေါင်ကြီးထဲကို မုန့်ညှင်းစေ့တွေ အပြည့်ထည့်ထား-

အနှစ်တစ်ရာကုန်မှ အဲဒီဂိုဒေါင်ထဲက မုန့်ညှင်းစေ့တစ်စေ့ ထုတ်ယူပါတဲ့၊ မုန့်ညှင်းစေ့တွေတာ ကုန်သွားမယ်၊ တစ်ကမ္ဘာမကုန်ဘူးလို့ ဆိုထားတာ။

ကိုင်းဘယ်လောက်ကြာသလဲဆိုတာ စဉ်းစားကြည့်။

ဘုရားရှင်က အဲဒီလောက် အနစ်နာခံပြီး ယောဂီတွေအတွက် ပါရမီတွေ ဖြည့်ပြီး တရားတွေဟောထားခဲ့တာ၊ ကြိုးစားကြ။



# " ငါမပိုင် ငါ့ခန္ဓာ "

ဘုန်းကြီးတောထွက်စထဲက နှစ် (၃၀)လောက် ရွာထဲသွားပြီး ပတ္တပိုင်ဆွမ်း ခံစားတာဆိုတော့၊

သပိတ်ထဲ ချဉ်တာရော, စပ်တာရော, ငန်တာရော, အကုန်ရောဘုဉ်းပေးရတာ။

ကြာတော့ဝမ်းက အချဉ်ပေါက်ပြီး ဆေးရုံတက်ရတာပေါ့ ဆေးရုံရောက်တော့ ကုဋင်ပေါ်မှာ ဆရာဝန်က

ဘုန်းဘုန်း အောက်လျှော့လိုက်ပါဘုရား ဆိုတော့ လျှော့လိုက်ရ၊ နောက်ဘုန်းဘုန်း ဟိုဘက်စောင်းပါဦးဘုရား၊ ဒီဘက်စောင်းပါဦးဘုရား ဆိုတော့စောင်းပေးရတယ်။

သေမှာကြောက်တော့လဲ ဆရာဝန်ခိုင်းတဲ့အတိုင်းလုပ်နေရတယ်။

ဒါနဲ့ **ဘုန်းကြီးက စဉ်းစားတယ်-**

ဩော်-- ငါ့ခန္ဓာကိုယ် ငါ့ခန္ဓာကိုယ်နှင့် ငါမပိုင်ပါလား

ဆရာဝန်ထံအပ်ပြီ၊ ဆရာဝန်ခိုင်းတာ လုပ်နေရတာပါလားလို့ **စဉ်းစားတယ်** -- ဟုတ်တယ်လေ။

ဘုန်းကြီးတို့ရော ယောဂီတို့ရော ငါ့ခန္ဓာကိုယ်ဆိုတာ အမှန်စင်စစ် ရှိသေးရဲ့လား၊

ဒါကြောင့် ယောဂီတို့ ခန္ဓာကိုယ်ကြီး ဆရာဝန်စီ မအပ်ရအောင် ကြိုးစားအားထုတ်ကြပါ။



## ' ဝါသနာပါမှ "

" ဝါသနာ, ပါရမီ, ဆက်တိုင်းမှီ " ဆိုတဲ့အတိုင်း ယောဂီတို့ ဘဝအဆက်ဆက်က အထုံဝါသနာ ပါရမီတွေ ပါလို့ အခုလို တရားအားထုတ်ခွင့် ရကြတာ။

ကံကောင်းကြတယ်။

ဘုရားရှင်က သာသနာငါးထောင်ထားထား တစ်သိန်းထားထား ကိုယ်က လူဘဝ လူဖြစ်နေမှ-

လူဖြစ်တော့လဲ မိကောင်းဖခင် သားသမီးဖြစ်မှ

မိကောင်းဖခင် သားသမီးဖြစ်တော့လဲ သဒ္ဓါတရား ရှိမှ၊

သဒ္ဓါတရားရှိပေမဲ့လည်း တရားဝါသနာပါမှ

တရား ဝါသနာပါတော့လဲ ယထာဘူတနည်းမှန် လမ်းမှန် သွန်သင်ဆုံးမ တရားပြပေးမည့် ဆရာသမား ကလဲရှိမှ -

ခုလို အကြောင်းအကျိုးတွေ တိုက်ဆိုင်ဖို့ ဆိုတာ မလွယ်ဘူး၊ စဉ်းစားလေ မလွယ်လေဘဲ အင်မတန်ခဲယဉ်း တယ်။

ပြောမပြနိုင်လောက်အောင်ခဲယဉ်းတာ -

ကြိုးစားအားထုတ်ကြ။

# " တန္ဓယ်င်တဇဉ်ပါ "

ယောဂီတို့ ခုလိုမြတ်စွာဘုရားက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တွေ ဖြည့်ပြီး (၄၅)ဝါကာလပတ်လုံး မနားမနေ ကိုယ့်အတွက် ဟောထားခဲ့တဲ့ တရားတော်တွေကို အခုလို တရားအား ထုတ်ပြီး စင်္ကြန့်တိုင်း, နာရီတိုင်း, အချိန်တိုင်း, ရက်တိုင်း တစ်ရှူတစ်ရှိုက်ကစပြီး မပြတ်ရှု့မှတ်ရတော့-

မြတ်စွာဘုရားရှင်ကိုလဲ ကျေးဇူးဆပ်ရာ ရောက် တာပေါ့။

သာသနာတော်ကြီးကိုလဲ ထိန်းသိမ်းစောင့်ရှောက်ရာ လဲရောက်တာပေါ့။

မိမိကိုယ်ကိုလဲ အပါယ်လေးပါးကနေ ကယ်တင်ရာလဲ မရောက်ပေဘူးလား။

တန္ဓယ်င်, တဇဉ်ပါ ဆိုတာ ဒါတွေပြောတာ။

အားလုံး အကျိုးတရားတွေ ပြီးစီးတယ်။

ကြိုးစား အားထုတ်ကြ။



# "သိမ်မွေ့ဆန်းကြယ် နူးညံ့တယ်"

မြတ်စွာဘုရား ဟောတော်မူထားခဲ့တဲ့ ဒီအာနာပါန သမထ တရားက သိမ်မွေ့တယ်၊ ဆန်းကြယ်တယ်၊ နူးညံ့ တယ်။

ဒါ့ကြောင့်

မြတ်စွာဘုရားရှင်က အာနာပါန သမထတရား လုပ်တော့မယ်ဆိုရင်-

**အရညဂတောဝါ** -တောအရပ်ကိုသော်လည်းကောင်း

**ရုက္ခမူလဂတောဝါ** -သစ်ပင်ရင်းကိုသော်လည်းကောင်း

**သုညာဂါရဂတောဝါ**-ဆိတ်ငြိမ်ရာ အရပ်ကိုသော် လည်းကောင်း

အဲဒီအရပ်ဒေသတွေ ရှာမှီးပြီး, အမှီပြုပြီး၊ အာနာပါန သမထတရားအားထုတ်ပါတဲ့၊ ဟုတ်တယ် သမထအလုပ်က အသံကို သိပ်ကြောက်တာ. . .

ယောဂီတို့ ဒီမှာကတော့ တစ်ချို့ ဟိုအသံ ဒီအသံ တွေကတော့ ကြားရမှာဘဲ-

ဘာသံ ညာသံကြားကြား လျစ်လျူရှု့ပြီး-

ကိုယ့်တရားကို ဆက်ကြိုးစားသွားကြပါ။

# " ကိုယ့်စိတ်ကို နိုင်သလား "

ယောဂီတို့ ကိုယ့်စိတ်ကို ထိန်းနိုင်တယ်, မထိန်းနိုင်ဘူး ဆိုတာ ခုလိုတရားအားထုတ်မှ သိတာ။

ကိုယ့်ဟာကို သွားလာ လှုပ်ရှား, ရှုန်းကန်နေရတော့ ငါ့စိတ်ကို ငါနိုင်တယ်လို့ လူတိုင်းက ထင်ကြတာ။

တကယ်တရား အားထုတ်လို့ သမာဓိ ထူထောင်တဲ့ အခါ အဲဒီစိတ်ကလေးက နှာသီးဖျား မနေဘူး။

ကိုယ်နေခဲ့တဲ့နေရာ, ကျောင်းဘဲဖြစ်ဖြစ်, အိမ်ဘဲ ဖြစ်ဖြစ် ထိုင်နေရင်းနှင့် နေရာ အနှံ့ရောက်သွားတာဘဲ။

ကိုယ်ကလဲ တရားထိုင်နေတဲ့ အသိစိတ်လွတ်ပြီး ရောက်တုန်းရောက်ခိုက် နေရာအနှံ့ ကြည့်ဖြစ်ကြတာ ချည်းပဲ--- မဟုတ်လား။

ဒါ့ကြောင့် အဲဒီ လှုပ်ရှားရုန်းကန် ပျံ့လွင့်နေတဲ့ စိတ်ကလေးကို ကိုယ့်နှာသီးဖျားမှာ ထိ-သိ လေးကပ်ပြီး မလွတ်တမ်း မှတ်နိုင်မှ ကိုယ့်စိတ်ကို နိုင်တာ. .

ကဲ- ယောဂီတို့ ကိုယ့်စိတ်ကို နိုင်အောင် ပိုင်အောင် ကြိုးစားကြ။



# " ရှိတာကို ရှာနိုင်အောင်ကြိုးစား "

" တရားရှာ, ကိုယ်မှာတွေ့ " ဆိုတဲ့အတိုင်း တရားရှာ သွားတယ်။ တရားထိုင်သွားတယ်လို့ ဆိုကြပေမဲ့ တရားက လောကီစီးပွားတွေ ရှာသလို ရှောက်ရှာလို့လဲ ရတာ မဟုတ်ဘူး။

သူများ ခန္ဓာကိုယ်ပေါ်မှာ သွားရှာနေရတာလဲ မဟုတ်ဘူး။

ကိုယ့်ခန္ဓာပေါ်မှာ ရှိပြီးသား အဲဒီကိုယ့်ခန္ဓာမှာ ရှိပြီးသား တရားကိုပဲ . . .

ကိုယ့်စိတ်ကတွေ့အောင် ရှာရမှာ- အားထုတ်ရမှာ။ ကြိုးစားရမှာ။

# " ကုတ် " နေမှ ကောင်းတာ

ယောဂီတို့ ခုလို တရားအားထုတ်တဲ့အချိန်တွေ လောကီစကားတွေ မပြောကြနှင့်၊ လောကီဆိုတာ တစ်သံသရာလုံး တကီ-ကီ-နှင့် လာခဲ့ရတာ

လောကီနယ်ပယ်က ကျယ်ပြန့်တယ်။

ပြောလို့လဲ ကုန်မှာ မဟုတ်ဘူး။

ကြည့်ပါလား-

လောကီစိတ်ကိုက (၈၁) ပါး

လောကုတ္တရာစိတ်က (၈ )ပါး ဘဲရှိတာ။

လောကုတ္တရာက " ကုတ် " နေမှ ကောင်းတာ။

ဒါကြောင့် ယောဂီတို့ " ကုတ် " ပြီး ကိုယ့်တရားကို

ကြိုးစားအားထုတ်သွားကြ . . .



# ' ခွင့်သာတုန်း ရှန်းသွားကြ "

ယောဂီတို့ အခုလို ဘုရား သာသနာတော်ကြီးနှင့် ကြုံရ, ဆုံရလို့ လူ့ဘဝလဲရလို့ ဘုရားဆိုတဲ့အသံ, တရား ဆိုတဲ့ အသံ, သံဃာဆိုတဲ့ အသံတွေ ကြားနေရတာ။

ဒီအချိန် ကြက်တို့ ဝက်တို့ ငှက်တို့ ဖြစ်နေရင် ဘုရား, တရားသံဃာ ဆိုတဲ့ အသံတွေကြားနေရပါ့မလား။

ခုချိန်မှာ ဖြစ်နေကြတဲ့ ရှင်ရော, လူရော အကုန်လုံး ကံကောင်းကြတယ်. အခွင့် အရေးတွေလဲ အများကြီး ရကြတယ်။

ဒါ့ကြောင့် လယ်တီဆရာတော်ကြီးက-

၁။ ခွင့်သာခိုက်မှ မလိုက်ချင်ရင်, အမိုက်နှင့်ပြင် ရှိသေးလိမ့်လား။

၂။ ခွင့်သာဆဲမှ မခဲချင်ရင်, အလွဲနှင့်ပြင် ရှိသေး လိမ့်လား။

၃။ ခွင့်သာတုန်းမှ မရုန်းချင်ရင်, အရှုံးနှင့်ပြင်ရှိ သေးလိမ့်လား. . တဲ့။

ကိုင်း ယောဂီတို့ အခွင့်သာတုန်း

မမိုက်ကြနှင့် လမ်းမလွဲစေနဲ့ အရှုံးမပေးကြနှင့်။

## “ မလျော့မတင်း စောင်းကြိုးညှင်း တင်းလွန်းတော့ပြတ်, လျော့လွန်းတော့ပတ် ”

ဆိုတဲ့ လောကစောင်းတီးတဲ့ စောင်းကြိုးလိုဘဲ ဒီကန္နီနည်း အားထုတ်ကြတဲ့ ယောဂီတို့လဲ လုလ္လ ဝီရိယ တွေများပြီး ခဏခဏထိုင် ခဏခဏမှတ်နေလို့လဲ မရဘူး။

လုလ္လဝီရိယတွေ လျော့ပြီး စကားပြောလိုက်, အိပ်လိုက်, ခဏထိုင်လိုက် လုပ်လို့လဲ မရဘူး။

**“မလျော့ မတင်းစောင်းကြိုးညှင်း”** ဆိုတဲ့ အတိုင်း ဝီရိယလဲ မလျော့စေနှင့် ဝီရိယလဲ မတင်းစေနှင့်”

ခိုင်းထားတဲ့အတိုင်း ပုံမှန်လေးသာ ထိုင်ပါ။

ပြောထားတဲ့အတိုင်း လုပ်သွား၊ ယုံမှား သံသယ မထားပါနှင့်။

မရတဲ့သူမရှိပါဘူး။

အားလုံးရကြ, ဖူးမြင်ကြရပါတယ်။

ဒါကြောင့်-

ယောဂီတို့ တစ်နေ့တာ သင်ခန်းစာကို ခိုင်းထားတဲ့ အတိုင်း ကြိုးစားအားထုတ်ကြပါ။



## “ တန်ဖိုးဖြတ်မရသော ကုသိုလ် ”

“ လူခြင်းတူပေမဲ့, အသက်ရှူခြင်းမတူဘူး ” ဆိုတာ ဟုတ်တယ် . .

လူတိုင်းလူတိုင်း အသက်တော့ ရှူနေကြတာဘဲ၊ ဒါပေမဲ့ အသက်ရှူကြတာခြင်းတော့ မတူကြဘူးလား ၊

တန်ဖိုးရှိတာ- တန်ဖိုးမရှိတာ ကြတော့ ကွဲသွားပြီ၊ မတူတော့ဘူး။ အခုယောဂီတို့ တရားအားထုတ်ရင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်တွေ အာရုံပြုပြီး ထွက်လေ-ဝင်လေ မှတ်ပြီး၊ အသက်ရှူနေတော့ တန်ဘိုး ဖြတ်လို့ မရတော့ဘူး။

ဒါပဲလေ ယောဂီတို့ တရားအားထုတ်မှ ဒီလို ထွက်လေ-ဝင်လေ မှတ်ရတော့မှ တန်ဘိုးရှိမှန်း သိတာ မဟုတ်လား ၊

ကိုင်း ဘယ်လောက်တန်ဖိုး ရှိသလဲဆိုတော့-

ယောဂီတို့ရဲ့ ထွက်လေ-ဝင်လေ လေးမှတ်ပြီး နိမိတ် အလင်းတွေရ ဘုရားစေတီတော်တွေဖူးရ၊ နတ်သား နတ်သမီးတွေမြင်ရတော့ တန်ဖိုးမရှိဘူးလား ၊

ဒီကန္နီနည်း အားမထုတ်ဖူးတဲ့ သူတွေပြောပြလို့ ယုံကြည်ပါ့မလား၊ မယုံဘူး. . ကိုယ်ဖူးရ, မြင်ရတာတွေ လူတိုင်း လူတိုင်း မပြောပြကြနှင့် ဘာလို့လဲဆိုတော့. . ကိုယ်ပြောပြလို့မှ မယုံရင် သူတို့အကုသိုလ်ဖြစ်တာပေါ့။

**ခုခေတ်က- ယုံတဲ့သူနှင့် မယုံတဲ့သူ မယုံတဲ့သူက**
**များတာ၊**
**မှန်တဲ့သူနှင့် မမှန်တဲ့သူ မမှန်တဲ့**
**သူကများတာ. . .။**



## " များများပွား များများမှတ် "

" **ပွားများ** " ဆိုတဲ့အတိုင်း

ယောဂီတို့ အာနာပါန သမထကို များများပွား များများဝါရတွေ မှတ်လေ နိမိတ်တွေ ကောင်းလေဘဲ နိမိတ်တွေ ကောင်းတော့ -

" **များ** " ဆိုတဲ့အတိုင်း ကိုယ်ဖူးချင်တဲ့ ကိုယ်ဖူးလိုတဲ့ အိန္ဒိယ - သီဟိုဠ် - တာဝတိံသာ - ဗြဟ္မာ့ပြည်က ဘုရားစေတီတော်တွေအားလုံး များများဖူးရတာပေါ့။

ဒီလိုဖူးရတာလဲ ကိုယ်ကိုတိုင် အားထုတ်လို့, ပွားများလို့

**ကိုယ့်လုပ်ခ, ကိုယ်ရတာ၊**

**ကိုယ့်နေ့တွက်, ကိုယ်ရတာ၊**

**ကိုယ့်ဝေစု, ကိုယ်ရတာ၊**

ဘယ်သူမှ ကူလုပ်ပေးလို့ ရတာမဟုတ်ဘူး။

ကြိုးစားကြ. . .။

## " ယုံရအောင် လုပ်ထားကြ "

ဘုန်းကြီး ၁၃၂၈ ခုနှစ်က ကန္နီဆရာတော်ကြီးထံ သွားဖူးအားထုတ်တော့-

အဲဒီတုန်းက ကန္နီဆရာတော်ကြီးဘွဲ့နှင့် ဘုန်းကြီးဘွဲ့ ကတူတော့ ဆရာသမားဘွဲ့နှင့် တူတာလျှောက်လို့ မကောင်းပါဘူးဆိုပြီး ဆရာတော်ကြီးဘွဲ့ မေးတော့ "သုဇာတ" ပါဘုရားလို့ လျှောက်လိုက်တယ်။

ဒါနှင့် ဆရာတော်ကြီးကခေါ်ပြီး သြဝါဒပေးတယ်။

**မောင်သုဇာတ. . ရေ**

**" ဒီရုပ်ကြီးကို အမှီပြုပြီး သြဃမှထွက်အောင် လုပ်တဲ့"**

**ကိုယ့်သံသရာက မယုံရဘူး၊ ယုံရအောင် လုပ်တဲ့။**

အဲဒီလို ဆရာတော်ကြီးက သြဝါဒပေးတာ

**သြဃဆိုတာက** ၁။ ကာမောဃ　　၂။ ဘဝေါဃ

၃။ ဒိဋ္ဌောဃ　　၄။ အဝိဇ္ဇောဃ

ဆိုတဲ့ သြဃလေးပါးကို ပြောတာ။

သံသရာထဲ ကျင်လည်နေရတော့ ဘယ်ဘဝ ရောက်မယ်ဆိုတာ မသိရလို့ မယုံရဘူးပြောတာ

ယုံရတဲ့ . . မဂ်ဖိုလ် နိဗ္ဗာန်ရအောင် လုပ်ခိုင်းတာ

ယောဂီတို့ ယုံရအောင် ကြိုးစားကြ။



## " နိဗ္ဗာန်မရောက်သေးသမျှ "

ဘုန်းကြီးတို့ ယောဂီတို့ လူတိုင်း, လူတိုင်း တစ်သံသရာလုံး ပဋိသန္ဓေနေရတဲ့ ဒုက္ခ, အိုရတဲ့ဒုက္ခ, နာရတဲ့ဒုက္ခ သေရတဲ့ ဒုက္ခတွေနှင့် ဘဝအမျိုးမျိုး ကျင်လည်ခံစား ခဲ့ကြရတာ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင်မှ ဘုရားအဖြစ် ရောက်မှ စမြင်းရောဂါ နှိပ်စက်တော်မူလို့ တော်တော် ခံစားတော် မူရသေးတာ။ နောက် ဆရာဇီဝကရဲ့ ကြာလက် တွေ့ရှူမှ ရောဂါသက်သာ တော်မူသွားတာ ဒါဘုရားရှင် ကိုယ်တော်မြတ်ကြီး။

ဘုန်းကြီးတို့ ယောဂီတို့ဆို ပြောမနေနှင့်။

နိဗ္ဗာန်မရောက်သေးသမျှ ကာလပတ်လုံး တစ်သံသရာလုံး တဝဲလည်လည် နှင့် သူရော. . ကိုယ်ရော ခံစားကြဦးမှာ. . ရှောင်လို့, တိမ်းလို့ မရဘူး။

ဒါ့ကြောင့် ယောဂီတို့ အဲဒီ အို, နာ, သေ, ဒုက္ခတွေနှင့် ရင်ဆိုင်နိုင်အောင် ကြံ့ကြံ့ခံနိုင်အောင် အချိန်ရှိတုန်း အခါအခွင့်သင့်တုန်း ကြိုးစားအားထုတ်ထားကြ။

## " ဘယ်လောက်ထိုင်ထိုင် "

ယောဂီတို့ တရားထုတ်တဲ့အခါ နာရီဝက်ဖြစ်စေ တစ်နာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ၊ ဘယ်လောက်အချိန် ကြာအောင် ထိုင်ထိုင် မထိုင်ခင်လဲ မေတ္တာပို့-ထိုင်ပြီး တော့လဲ အမျှအတန်းပေးဝေရတယ်။

**ဘုရားရှင်က-**

ဘဝအဆက်ဆက်က ဆွေမျိုးသားချင်း မတော်စပ်ခဲ့ ဘူးသောသူ မရှိဘူးတဲ့. .

ကိုယ်က ကုသိုလ်ကောင်းမှုတွေ လုပ်နေတော့ ကိုယ်နှင့်နီးစပ်တဲ့ ပုဂ္ဂိုလ်တွေက အမျှအတန်း လိုချင် တာနှင့် နီးစပ်ရာ ဘဝကနေ လာကြမှာဘဲ။

**ဒါ့ကြောင့် , ဒီပဲယင်း ဆရာတော်ကြီးက-**

" ဘဝအဆက်ဆက်က ပါရမီ ပဋ္ဌာန်းဆက် ရှိတဲ့သူ တွေ ရေတွက်ရင် သဲလှည်းအစီး ကုဋေတစ်သိန်းတိုက် ရှိတဲ့ သဲလုံးအရေအတွက်လောက် မကဘူးတဲ့။

ဟုတ်တယ်. . ဘယ်ရေတွက်လို့ ရမလဲ ဖြတ်သန်း လာခဲ့ရတဲ့ ဘဝတွေက နည်းတာမှ မဟုတ်တာ။

ဒါကြောင့်- ယောဂီတို့ တရားထိုင်ပြီးတိုင်း တရားထိုင်ပြီး တိုင်း အမျှအတန်း များများပေးဝေကြ။



## " အသက်ကြီးရင်မေ့ "

ယောဂီတို့ အသက်အရွယ်ငယ်တုန်း သွားနိုင် လာနိုင် တုန်း တရားနည်းပေါင်းစုံ အားထုတ်ထားကြ။

အသက်အရွယ်ကြီးရင့် လာရင် မှတ်လို့ ထိုင်လို့ မလွယ်တော့ဘူး။ အသက်ကြီးလာရင် သူသူ ကိုယ်ကိုယ် မေ့ကြတာ။

**ပြောရဦးမယ်. . .**

ဘုန်းကြီးတို့ တောင်ဘက်မှာ " တွင်း " ရွာဆိုတာ ရှိတယ်။ တွင်းတောင်လို့လဲ ခေါ်တယ်။

အဲဒီတွင်းရွာမှာ " ဦး ညိုမှိုင်း " ဆိုတဲ့ ဒကာကြီး ရှိတယ်။ အသက်ကလဲကြီးတော့တာ

ဒကာကြီးက သူ့ဇနီး နာမည်ခေါ်ဘို့ မေ့နေတာနှင့် အိမ်နီးနားချင်းက သူ့ သူငယ်ချင်းကို ခေါ်ပြီး-

**"မောင်ရင် ငါ့အိမ်က ဟာကြီးနာမည်က ဘာတဲ့ ငါမေ့နေလို့တဲ့ "** ဟင်

မယုံမရှိနှင့်-

ဒါ့ကြောင့် ခုလိုငယ်ရွယ်တုန်း ကြိုးကြိုးစားစား မှတ်ပြီး အားထုတ်ကြ။

## " လက်မှတ်ရအောင် ယူထားကြ "

ဘုန်းကြီးတို့ရော ယောဂီတို့ရော..

ဘယ်အသက်အရွယ်, ဘယ်ရောဂါ, ဘယ်အချိန်, ဘယ်မြို့ ဘယ်ရွာမှာ သေပြီး ဘယ်ဘုံ ဘယ်ဘဝရောက်ရမယ်ဆိုတာ -

ဘုရား၊ ရဟန္တာမှ တပါး ဘယ်သူမှ မသိနိုင်ဘူး။

အခုလို အချိန်ကောင်း၊ အခါကောင်း ဘဝကောင်း ရနေတဲ့အချိန်

-လူ့ဘဝလဲရနေပြီ၊ သာသနာနှင့်လဲ တွေ့နေပြီ။ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဒေသလဲ ရောက်နေပြီ။ ဆရာကောင်း သမားကောင်းတွေလဲ တွေ့နေရတယ်။ ကျန်းမာရေးလဲ ကောင်းနေတယ်။ သတိလက် မလွှတ်စေကြနှင့်။

ဒီထက်ကောင်းတဲ့အချိန်

ဒီထက်ကောင်းတဲ့ဘဝ .. ရဘို့မလွယ်ကူ ဘူး။

" **သံသရာ ခရီးကြီး လမ်းမဆုံးမချင်း သွားရဦးမယ် ကိုယ့်လက်မှတ် ကိုယ်ရအောင် ယူထားကြ** "



လက်ခါက..

ဘယ်သက်, ဘယ်နာ, ဘယ်ခါ ဌာန, ဘယ်ဘဝ မသိရပါ ချေ။ မရေရာလှ လူ့ဘဝ သေချာရအောင်နေ တဲ့...။

# " နိမိတ်ဆိုတာ ဘာလဲ "

ယောဂီတို့ တစ်ချို့က ဒီကန္တီနည်းက နိမိတ်နှင့် ဟိုဟို ဒီဒီကြည့်တာ ဖူးတာ, မြင်ရတာလို့, ပြောကြတာ နိမိတ် ဆိုတာ ဘာလဲလို့ မမေးကြဘူးလား ।

မှတ်ထားကြ-

နိမိတ်ဆိုတာ ပါဠိစကား ' နိမိတ္တ' မြန်မာလို အကြောင်း ဘာအကြောင်းလဲ-

ကမ္မဋ္ဌာန်းရဲ့အကြောင်း၊ ကမ္မဋ္ဌာန်း အာရုံလို့ဆိုတယ်။ အဲဒီနိမိတ် ဆိုတာကလဲ-

လူရုပ်, နတ်ရုပ် သဏ္ဍာန်ပညတ်ကို ပြောတာ မဟုတ်ဘူး။ အလင်းအရောင်နိမိတ် ကမ္မဋ္ဌာန်း ဘာဝနာ သမာဓိစွမ်းအားကြောင့် ဖြစ်ပေါ်လာတဲ့ အလင်းရောင်-

ပထမတော့ မီးခိုးတိမ်တိုက်လို ခပ်ညစ်ညစ် မည်းမည်း ဝါဂွမ်းမှို့စ ကလေးလို သာမညပဲ။

နောက် သမာဓိ အားကောင်းလာလေ လင်းလေ လင်းလာတတ်ပါတယ်။ တစ်ခါတစ်ရံ နေပူထဲမှာ ချထားတဲ့ မှန်ကို မကြည့်နိုင်အောင် လင်းလာတဲ့ ဝင်းဝင်း တောက်တောက် အလင်းလဲ တွေ့ကြရပါတယ်။

အဲဒီသမာဓိကြောင့် ထင်လာတဲ့ အလင်းကိုပဲ နိမိတ် ခေါ်တာပါ။



# " တရားထိုင်တတ်သလား "

တစ်ချို့ တရားအားထုတ်ရမှာ တရားထိုင်ရမှာ ရှက်တယ်တဲ့။ တစ်ချို့က စာမတတ်တော့ မထိုင်တတ်၊ မမှတ်တတ်ဘူးတဲ့။

ဟင်း. . အတိတ်ဘဝက ပါရမီဓာတ်ခံတွေ နည်းတာ ကိုး၊ သနားစရာတွေ တရားထိုင်တာ ရှက်စရာလဲ မလိုဘူး၊ မထိုင်တတ်, မမှတ်တတ်စရာလဲ မလိုဘူး။

မြတ်စွာဘုရားရှင်က ဘာမှ လိုလေသေးမရှိအောင် ဟောထားခဲ့တာ ဘယ်နေရာမှာနေရမယ်, ဘယ်လိုထိုင်ရမယ်, စိတ်ကလေး ဘယ်လိုထားရမယ် ဆိုတာကစ အကုန်သင်ပေးခဲ့တာ။

**နေရာက. .**

တောထဲမှာဖြစ်စေ, သစ်တစ်ပင်ရင်း, ဝါးတစ်အောက်မှာဖြစ်စေ၊ မြို့ထဲ ရွာထဲဖြစ်စေ ဆိတ်ငြိမ်ရာ နေရာကို ရှာပါတဲ့။

**ထိုင်ပုံထိုင်နည်းက. .**

အမျိုးသားများ တင်ပျဉ်ခွေထိုင်ပါ။ အမျိုးသမီးများ ကျုံ့ကျုံ့ စံပယ်ထိုင်ပါ၊ ခန္ဓာကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့် ထားတဲ့။

**စိတ်ကလေးက. .**

ဝေးရာထွက် ထွက်ပြေးတတ်တဲ့စိတ်၊ ကာမဂုဏ် အာရုံနောက်ကိုပဲ လိုက်နေရမှ ကြိုက်တတ်တဲ့ စိတ်ကလေးကို နှာသီးဖျားချည်တိုင်မှာ သတိကြိုးနှင့် အသေအချာ ချည်ပြီး၊ ကမ္မဋ္ဌာန်း၊ အာရုံဖြစ်တဲ့ ထွက်လေ ဝင်လေ ကိုပဲ သတိလေးကပ်မှတ်ပါတဲ့။

ကိုင်း. . .

ဘယ်ဘက်မှ လိုလေသေးမရှိအောင် ဟောထားခဲ့ တာ လိုတာက ကိုယ်ဘက်က. . . .။



## " သည်းခံ အားထုတ် ယောဂီအလုပ် "

လူတွေကတရား အားထုတ်တဲ့အခါ တစ်ယောက် နှင့် တစ်ယောက် မာန်, မာန တွေ ထားတတ်ကြတယ်။ ပြိုင်ဆိုင်ချင်ကြတယ်. .။

ယောဂီဆိုတာ အစွယ်ချိုးထားတဲ့ မြွေလို မာန်, မာန တွေ မထားရဘူး။

မာန်, မာနတွေရှိရင် တရားက မတတ်တော့ဘူး။

ကိုယ့်ကိုကိုယ်လဲ စဉ်းစားပေါ့၊ ငါဟာ တရားအား ထုတ်ဖို့ လာတာလား၊

ဂုဏ်, ပကာသန ပြိုင်ဖို့လာတာလား

တရားအားထုတ်တဲ့ ယောဂီက ငါသီလရှိတယ်၊ ငါသမာဓိရှိတယ်၊ ငါပညာရှိတယ် ဆိုပြီး တရားအားထုတ် လို့မရဘူး၊ တရားလဲ မတက်ဘူး။

ယောဂီဆိုတာ-

ပတ်ဝန်းကျင်, အစားအသောက်, နေရာထိုင်ခင်း, ရာသီဥတု ကစပြီး အစခပ်သိမ်း သည်းခံပြီး -

ကိုယ့်တရား ကိုယ်လုပ်မှ ရတာ။

ဘယ်သူတွေ ဘာဖြစ်ဖြစ်, သည်းခံကြ, ကြိုးစား, အားထုတ်ကြ. . .။

## " အရွယ်သုံးပါး "

ယောဂီတို့ ဒီဘဝ. . ဒီသာသနာတော်ကြီးနှင့် တွေ့တဲ့အချိန် အရွယ်သုံးပါး တစ်ပါးပါး အမိအရ တရားအားထုတ်ကြ။

**ကြည့်ပါလား. . .** ဘုရားလက်ထက်တော်က မဟာဓန သူဌေးသား ပထမအရွယ်ကသာ တရားအားထုတ်မယ်ဆိုရင် အရဟတ္တဖိုလ် ဆုကြီးရမယ်။ ဒုတိယအရွယ်မှာလဲ တရားအားထုတ်မယ်ဆိုရင် အနာဂါမ် ဆုကြီးရမယ်။ တတိယအရွယ် တရားအားထုတ်မယ်ဆိုရင်လဲ သောတာပန်ဆုကြီးရမယ် လို့ ဘုရားက ဟောထားတာ။

ခုတော့ မဟာဓန သူဌေးသား လောကီမှာလဲ
ပထမအရွယ် စီးပွားရေးလုပ်ရင် ပထမတန်းစား သူဌေးဖြစ်မှာ-
ဒုတိယအရွယ် စီးပွားရေးလုပ်ရင် ဒုတိယတန်းစား သူဌေးဖြစ်မှာ-
တတိယအရွယ် စီးပွားရေးလုပ်ရင် တတိယတန်းစား သူဌေးဖြစ်မှာ- ခုတော့ လောကီရော လောကုတ္တရာရော ဘာမှ မရတော့. .

**" ဖွတ်မရ ဓားမဆုံး "** ပေါ့



ဟုတ်တယ်. . အရွယ်သုံးပါး တစ်ပါးပါးမှ လောကီ၊ လောကုတ္တရာ ဘာမှမလုပ်တော့ အကုန်ဆုံးရှုံးတာ ယောဂီတို့လဲ အတိတ်ကံက ဘယ်ဆုတွေ ရမယ်ဆိုတာ ပြောမရဘူး ကြိုးစားကြ. . .။

## " ပုံတော်မပွားနှင့် ဂုဏ်တော်ပွား "

ယောဂီတို့ ဒီကန္ဒီနည်းက စစချင်း 'ဗုဒ္ဓါနုဿတိ' လို့ဆိုတဲ့ ' **အရဟံ** ' ဂုဏ်တော်ကိုပွားရပါတယ်။

ဗုဒ္ဓ. . မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကို-

အနုဿတိ အဖန်ဖန် အောက်မေ့ပွားများ ဆင်ခြင်တာ အစထဲက ဝတ်ကျေတန်းကျေ မလုပ်နှင့် စူးစူးစိုက်စိုက် ထိထိမိမိပွားပါ။

' **အရဟံ** ' ဂုဏ်တော်စပွားတဲ့အခါ ဘုရားပုံတော်တွေ့,

ကျောက်ဆင်းတုတွေကို စိတ်မရောက်ကြနှင့်။

**ဥပမာ. .** " **အရဟံ** " ဆိုရင် ကိလေသာ အားလုံးကို ဝါသနာ အငွေ့အသက်ပါ မကျန်အောင် ပယ်သတ်တော်မူသော မြတ်စွာဘုရား။

**နောက်** ' **အရဟံ** ' လူမင်း၊ နတ်မင်း၊ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။ အဲဒီလို စိတ်ထဲက ပုံတော်ကို အာရုံမပြုပဲ ဂုဏ်တော်ကို ထိထိမိမိ ဆင်ခြင်ပွားများရတယ်။

တစ်ချို့က ဒါလေးလွယ်ပါတယ်ဆိုပြီး 'အရဟံ' 'အရဟံ' လို့ပွားတာ အဓိပ္ပါယ်က မသိတော့။



ခပ်ပေါ့ပေါ့ ရော့ရဲရဲ လုပ်တတ်ကြတယ်။ မလုပ်ကြနှင့်၊

' **အစကောင်းမှ အနှောင်းသေချာ** '

ဆိုတာ ဒါတွေပြောတာ. . . ။

# ' အရှင် ဓမ္မဒိန္နာ မထေရ်ကြီးလို့ "

ဟိုရှေးက သီဟိုဠ်ကျွန်းမှာ ဓမ္မဒိန္နာ မထေရ်လို့ ခေါ်တဲ့ ရဟန္တာ မထေရ်မြတ်ကြီး တစ်ပါးရှိတယ်။

ရဟန္တာ မထေရ်ကြီးက ပရိသတ်တွေကို 'အပဏ္ဏက' သုတ် ဟောတော်မူတဲ့အခါ

ရဟန္တာ မထေရ်ကြီး ကိုင်ဆောင်ထားတဲ့ ယပ်တောင် ကို အောက်ထိုးပြလိုက်ရင် ပရိသတ်အားလုံး ငရဲပြည် အဝီစိထိ မြင်ရတယ်တဲ့။

တစ်ခါ ယပ်တောင်ကို အပေါ်ထောင်ပြလိုက်ရင် နတ်ပြည်, ဗြဟ္မာ့ပြည် အကုန်လုံး မြင်ရတယ်လို့ ဆိုထား တာ။ အဲဒီလို လက်တွေ့ပြလိုက်တော့ လူတွေက သတိ သံဝေဂတွေ ရပြီး တရားအားထုတ်ကြလို့ ကျွတ်တရား တွေရသွားကြတာ။

ယောဂီတို့ ဒီကန္နီနည်းကလဲ ကြည့်လို့ရတယ်။ မြင်ရတယ်။ ကြည့်လို့မြင်လို့ ရအောင်လဲလုပ် သတိ သံဝေဂလဲ ရအောင်ယူကြ . . .။



# " အရိပ်ပမာ "

" ဆာယာဝ အနုပါယိနီ " ဆိုတဲ့အတိုင်း-

ယောဂီတို့ နေပူထဲသွားရင် ကိုယ့်ရဲ့အရိပ်က ကိုယ်နှင့် အတူ ထပ်ကြပ်မကွာ လိုက်မနေဘူးလား ၊

ကိုယ်ကပြေးရင် အရိပ်ကလဲ မပြေးဘူးလား ၊

ကိုယ်က ရပ်ရင် အရိပ်ကလဲ မရပ်ဘူးလား ၊

အဲဒီအတိုင်းဘဲ-

ယောဂီတို့ ပြုတဲ့ ကုသိုလ်စေတနာတွေကလဲ ယောဂီ တို့နှင့်အတူ ဘဝတိုင်း၊ ဘဝတိုင်း **အရိပ်လို** လိုက်နေ သွားမှာ၊

ခုလို တစ်ရှူတစ်ရှိုက်အားထုတ်တဲ့ ကုသိုလ်တွေက ဒီဘဝတင် ကျန်ခဲ့တာမဟုတ်ဘူး။

ခန္ဓာကိုယ်ကြီးကသာ ပစ်ထားခဲ့ရတာ။

ယောဂီတို့ ပြုတဲ့ ကုသိုလ်စေတနာတွေဆိုတဲ့ အရိပ် ကတော့ ဘဝတိုင်းလိုက်ပြီး အထောက်အပံ့တွေ ပေးသွား မှာ။

ဘာကုသိုလ်ပြုပြု နိဗ္ဗာန်ကိုသာ အကြိမ်ကြိမ်

ဆုတောင်းကြ . . .။

## " ရခဲပေစွ လူ့ဘဝ "

ယောဂီတို့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူတွေနှင့် ဒီကျောင်းဝင်းထဲရှိတဲ့ တိရစ္ဆာန်တွေ ဘယ်ကများမှာလဲ၊

လူတွေက မြန်မာနိုင်ငံမကဘူး တစ်ကမ္ဘာလုံး ရှိတဲ့ လူတွေက ရေတွက်လို့ရတယ် . . မရပေဘူးလား ၊

ဒီကျောင်းဝင်းထဲ ရှိတဲ့ တိရစ္ဆာန် အကုန်မပြောနှင့် ပုရွက်ဆိတ်တောင် ရေတွက်လို့ ရပ့ါမလား၊

ဒါပုရွက်ဆိတ်ပဲ ရှိသေးတာ၊

ကျန်တဲ့ တိရစ္ဆာန်တွေ မပါသေးဘူး။

ဒါကြောင့် **မြတ်စွာဘုရားရှင်က**

**" မနုဿတ္တ ဘာဝေါ ဒုလ္လဘော "**လို့ လူ့ဘဝ ရခဲတယ်, လူဖြစ်ခဲတယ်, လူဖြစ်ဖို့ မလွယ်ဘူးဆိုပြီး အလွန်အင်မတန် ရခဲ့တဲ့ ဘဝလို့ ဟောထားတာ။

ဒါတောင် လူတွေက ကိုယ့်ဘဝကို ရခဲမှန်းမသိဘူး။

တန်ဘိုးရှိမှန်းလဲ မသိကြဘူး။

သိပ်သနားစရာကောင်းတာ

ဝမ်းနည်းစရာလဲ ကောင်းတာ။

ယောဂီတို့ တန်ဘိုးရှိအောင် ကြိုးစားအားထုတ်ကြ။



## " ဆွေမျိုးအစစ် "

**"ကုသိုလ်ဆွေမျိုး နေ့စဉ်တိုး အကျိုးများလှသည်။**

**ကုသိုလ်ဆွေမျိုး နေ့စဉ်တိုး အားကိုးထိုက်လှသည်"**

ဆိုတဲ့အတိုင်း-

ခုလို ယောဂီတို့ နေ့စဉ်နေ့တိုင်း (၉)ပါးသီလတွေ ဆောက်တည် တရားတော်တွေရှု့မှတ်ပွားများ နေတော့- သံသရာခရီးအတွက် အားကိုးထိုက်တဲ့ အကျိုးများပြီး ကိုယ်နောက်ပါမည့် ကုသိုလ်ဆွေမျိုး အစစ်အမှန်တွေ နေ့တိုင်း တိုးနေတာပေ့ါ။

ဒီကုသိုလ်တွေကမှ အားကိုးထိုက်တာ ဘဝတစ် လျှောက်လုံး မိမိကိုယ် ကယ်တင်သွားမှာ-

လောကီဆွေမျိုးတွေက တစ်ဘဝတောင် မကယ် နိုင်ဘူး။

ကယ်ဖို့နေနေသာသာ မိဘအမွေကိစ္စ, သားသမီးတွေ ကိစ္စ စီးပွားရေးကိစ္စတွေနှင့် တစ်ယောက်နှင့်တစ်ယောက် မတည့်ကြဘူး။

ဒါကြောင့် လောကီဆွေမျိုးတွေကို သိပ်သံယောဇဉ် အစွဲအလန်းမထားကြနှင့်။

ကိုယ့်နောက်ပါမည့် ကိုယ့်ကိုကယ်တင်မည့် လောကု တ္တရာကုသိုလ်ဆွေမျိုးတွေကိုဘဲ ကြိုးစား အားထုတ်ကြ။

## " တကယ်လက်ခံမှာလား "

ယောဂီတို့ သေခြင်းတရား ဆိုတဲ့ " မရဏာနုဿတိ" ကို မြတ်စွာဘုရားက နေ့စဉ်နေ့တိုင်း၊ မကြာခဏ ဆင်ခြင်အောက်မေ့ရမယ်လို့ ဟောထားတာ. . ဘယ်လိုဆင်ခြင်ရမှာလဲ ဆိုတော့. .

**' ငါသည် သေခြင်းသဘောရှိ၏၊**
**သေခြင်းသည် မြဲ၏၊**
**အသက်ရှင်ရမှုသည် မမြဲ၊**
**ငါတစ်နေ့ မလွဲ မသွေသေရလိမ့်မည်,**
**သေရချည်သေး, သေရချည်သေး'**
**အဲဒီလို မကြာခဏပွားပေးရတယ်။**

ဖြစ်လာတာ -- ပျက်ဖို့
မွေးလာတာ -- သေဖို့ --ပဲ။

လူတိုင်း သတ္တဝါတိုင်းက သေရမယ့် မျိုးစေ့က နဂိုထဲက ပါလာပြီးသား၊ ပညာရှိ, ဥစ္စာပေါ, ရုပ်ချော, ကြီးတာ, ငယ်တာ မရွေးဘူး သေမင်းက အားလုံးကို ဆွဲခေါ်တာ။



**ဘုရားက** ဒီခန္ဓာကြီးက မြေမမြုပ်ဘူးတဲ့ နေရာမရှိဘူးတဲ့။ ငိုခဲ့ရတဲ့ မျက်ရည်တွေကလဲ သမုဒ္ဒရာလေးစင်း မကဘူးတဲ့။

ဒီခန္ဓာကိုယ်ကြီးက သေရင်ဘာမှ သုံးမရတော့ဘူး၊ မသေခင်တောင် နံနေသေးတာ၊ ဒါတောင် သေတော့ အလောင်းထုတ်ရင် ဆွဲထားကြသေးတာ၊ တကယ်အိမ်ထဲ ပြန်ထားရင် လက်ခံမှာ မဟုတ်ဘူး။

အင်း . . . တရားကြဖို့ ကောင်းလိုက်တာ. . . ။

## " ဘုရားစေတီတွေ ဖူးချင်သလား "

'ဆန္ဒောတိ ဗုဒ္ဓုပ္ပါဒေါ' တဲ့ ဆန္ဒရှိရင် ဘုရားတောင် ဖြစ်သေးတယ်တဲ့။

ယောဂီတို့ ခိုင်းထားတဲ့ အတိုင်းကြိုးစား အားထုတ်ကြ မြန်မာပြည်၊ အိန္ဒိယ၊ သီဟိုဠ်၊ တာဝတိံသာ၊ ဗြဟ္မာ့ပြည်က ဘုရားစေတီတော်တွေ ကိုယ်က တကယ်ဖူးချင် မြင်ချင်တဲ့ စိတ်ဆန္ဒ ပြင်းပြင်းနှင့် အားထုတ်သွားရင် မကြာပါဘူး။ ဖူးရတယ်, မြင်ရတယ်။

ဒါပေမယ့် ယောဂီတို့ရဲ့ တရားအားထုတ်တဲ့ ရက်ပိုင်း အတွင်း-

**၁။ စကားပြောဆိုမှု နည်းရမယ်**

**၂။ အအိပ်, အနေ နည်းရမယ်**

**၃။ အပေါင်း အဖော် မိတ်ဆွေ နည်းရမယ်။**

ဒါတွေလဲ ရှောင်ကြဉ်, လိုက်နာမှ တရားနိမိတ်က ရလွယ်တာ နိမိတ်တွေလဲရ နိမိတ်တွေလဲ ကောင်းမှ ယောဂီတို့ စိတ်ဆန္ဒတွေ ပြည့်သွားတာပေါ့။

ကြိုးစားကြ. .

တကယ်လုပ်ရင် မရတဲ့သူမရှိပါဘူး။



## " ဆိတ်ကွယ်ရာမရှိ "

ယောဂီတို့ ကုသိုလ်ကောင်းမှု ပြုရင် နတ်တွေက သိတယ်။

အကုသိုလ်မကောင်းမှုပြုလဲ နတ်တွေက သိတယ်တဲ့၊ ဟုတ်တယ်-- ကောင်းမှုဖြစ်ဖြစ်, မကောင်းမှု ဖြစ်ဖြစ် ပြုလုပ်ရင် ပြုလုပ်တဲ့သူရဲ့ ကိုယ်စောင့်နတ်ကစပြီး တဆင့် တဆင့် နတ်တွေ သိကြတာ။

ဒါကြောင့် ရှေးသူတော်ကောင်းကြီးတွေက-

ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သားတော်၊ သမီးတော်တွေက အထက်နတ်ပြည် (၆)မှာ အပြည့်ရှိတာတဲ့။

အဲဒီနတ်သား၊ နတ်သမီးတွေက ခုလူပြည် ဘုရားသာသနာအတွင်း လူဖြစ်နေကြတဲ့ လူတွေက

အကျင့်သီလတွေပျက်ပြီး၊ မကောင်းမှုတွေလုပ်, တရားဘာဝနာတွေ လက်လွတ်နေကြတဲ့ လူတွေမြင်ရရင် နှလုံးမသာယာကြဘူးတဲ့။

သီလဆောက်တည်, ကောင်းမှုတွေ့လုပ်, တရားဘာဝနာတွေ အားထုတ်နေတဲ့လူတွေ မြင်ရင် သာဓုခေါ်ကြတယ်တဲ့။

ဟုတ်တာပေါ့ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိဘူးတဲ့။ လူတွေက ကိုယ်မကောင်းမှု လုပ်တာ ဘယ်သူမှ မသိဘူး၊ မမြင်ဘူးထင်နေကြတာ. . ဟင်

**“ ကိုယ့်ကိုကိုယ် လူလည်ကြီး ထင်နေကြတာ၊ တစ်နေ့ကြတော့ အကျိုးပေးသွားမှာ ”**



## “ ထမင်းလို့ မမေ့ကြနှင့် ”

လူတွေက စားဖို့ သောက်ဖို့ ထမင်းဟင်းကြတော့ နေ့စဉ် နေ့တိုင်း စားရမှာမမေ့ကြဘူး မဟုတ်လား၊

ကိုယ့်ကိုယ် ကယ်တင်ပေးမဲ့-

ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံးပါးကြတော့ တစ်နေ့တစ်ခါ ရှိခိုးကန်တော့ ဝပ်ချဖို့ကြတော့ မေ့ကြတယ်။

သတိမရကြဘူး. . ဟင်

မမေ့ကြနှင့် လူ့ဘဝက အသက်တိုတိုလေး နေရတာ။

ဘယ်သူမှလဲ အသက်တစ်ရာထိ မနေရတော့ဘူး၊

အသက်တစ်ရာနေရတဲ့ ဆေးလဲမရှိဘူး၊ ဆေးရှိရင် ဘယ်လောက်ပေးရ ပေးရ ဝယ်စားကြမှာ။

အသက်ရှည်တာ-တိုတာ အတိတ်ဘဝက ကိုယ့်ရဲ့ ကုသိုလ်၊ သီလတွေနှင့် လာခဲ့ကြတာ။

ဒါကြောင့် ယောဂီတို့ လူ့ဘဝနေရတဲ့ အချိန်ပိုင်းလေးမှာ သီလတွေလဲ လုံခြုံအောင် စောင့်ထိန်းကြ၊ တရားဘာဝနာ တွေလဲကြိုးစားအားထုတ်ကြ။ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံးပါးကိုလဲ ထမင်းစားဖို့ မမေ့သလို နေ့စဉ် ကန်တော့ဘို့ မမေ့ကြပါနှင့်။

## " လွယ်လွယ်နှင့်, မရနိုင် "

ယောဂီတို့ သူတော်ကောင်းတရား ဆိုတာလွယ်လွယ်နှင့် မရနိုင်ဘူး။

မကောင်းတဲ့ အလုပ်, မဟုတ်တဲ့အလုပ်ကိုတာ ကူညီမည့်သူမြှောက်ပေးမည့်သူရှိတာ။

ကောင်းတဲ့ အလုပ်ဆို ကူညီမည့်သူမရှိတဲ့အပြင် ဝိုင်းပြီးဖျက်ဆီး ချင်ကြတာ. . . မလွယ်ကြဘူး။

**ဘုရားအလောင်းတော်တောင်မှ**

တောစထွက်ကထဲက မာရ်နတ်က လိုက်ဖျက်ဆီးတာ ဘုရားဖြစ်တော်မူတဲ့အထိပဲ။

ဘုရားဖြစ်တော့လဲ ဒေဝဒတ်နှင့် တိတ္ထိဂိုဏ်းအသီးသီးက ဝိုင်းတိုက်ကြသေးတယ်။

ကျောက်မောင်းတွေဆင်ပြီး အသက်သေအောင်ထိ အကြိမ်ကြိမ် လုပ်ကြံကြတာ. . မဟုတ်လား

ကိုယ်လို သူလိုကတော့ လွင့်ထွက်သွားမှာ၊

အမှုန့်တောင်ရှာရမှာ မဟုတ်ဘူး။

ခုယောဂီတို့ရဲ့ အဖျက်ဆီးတွေက ဘာမှ မပြောပလောက်ဘူး။

အားထုတ်လို့ ရတယ်. . ဆက်ကြိုးစားအားထုတ်ကြ။



## " ရှေ့ကိုသာ တိုးမြဲတိုး "

တို့ ယောဂီတွေ တရားအားထုတ်လို့ နည်းနည်းလေး အခက်ခဲတွေ့ရင် နောက်ဆုတ်ချင်ကြတာ။

အိမ်ပြန်ချင်ကြတာ၊ ကိုယ့်အိမ်က တစ်သက်လုံး ကိုယ်သေတဲ့အထိ နေသွားရမှာ. . .

မရ, မက အားထုတ်မယ်လို့ စိတ်မကူးကြဘူး။

တို့ဘုရားအလောင်းတော်များ အတုယူစရာ ကောင်းလိုက်တာ။ ဘုန်းကြီးတို့ ယောဂီတို့အတွက် ခြောက်နှစ်လုံးလုံး ပင်ပန်းကြီးစွာ မချိမဆန့် ဒုက္ခတွေ အမျိုးမျိုးခံစားရပေမဲ့

**စိတ်ဓာတ်တွေ ကျမသွားဘူး။**

**ကပိလဝတ်ပြည် ပြန်မယ်လို့ လုံးဝစိတ်မကူးဘူး။**

**ဝီရိယတွေလဲ လျော့မပစ်ဘူး။**

**ရှေ့ကိုသာ တိုးမြဲတိုးကျင့်ခဲ့တာ။**

ကိုင်း ယောဂီတို့ အားကျစရာ မကောင်းဘူးလား ၊

အတုယူစရာ မကောင်းပေဘူးလား ၊

ခုခေတ်က မဟုတ်တာတွေကြတော့ အတုယူကြတယ်။ ဟုတ်တာကြတော့ အတုမယူချင်ကြဘူး. . ဟင်။

## " တန်ဖိုးသိဖို့ အရေးကြီးတယ် "

ယောဂီတို့ " ဆရာမပြ ငါးပိဖုတ်တောင် မတတ် " ဘူးတဲ့ လောကီဘဲဖြစ်ဖြစ်, လောကုတ္တရာဘဲဖြစ်ဖြစ် ဆရာကောင်း သမားကောင်းကလိုတယ် အရေးကြီးတယ် ။

**"လက်ဦးဆရာမည်ထိုက်စွာ, ပုဗ္ဗာစရိယ မိနှင့်ဖ" တဲ့-**

ကလေးဘဝထဲက သားသမီးတွေ လိမ္မာရေးခြားရှိဘို့ မိ, ဖ, ကအရေးကြီးသလို မဂ် ဉာဏ်, ဖိုလ် ဉာဏ်ရဖို့ တရားလုပ်တော့မယ်ဆိုရင်လဲ အမှန်အတိုင်း တကယ်တတ် သိတဲ့ ဆရာသမားလိုတယ်၊ တွေ့အောင်လဲ ရှာရမယ်။

ဒါမှ နည်းမှန် လမ်းမှန် ကိုယ်တိုင်ကိုယ်ကြ သိရမှာပေါ့၊ တရားနည်းလမ်းတွေက သာသနာရှိနေပေမယ့် အချိန်အခါ တိုင်းရှိနေတာ, ထွန်းကားနေတာ မဟုတ်ဘူး။

ဒါကြောင့် ယောဂီတို့
အချိန်တန်ဖိုး, တရား တန်ဖိုး, ဆရာ့တန်ဖိုး
သိဖို့ အင်မတန် အရေးကြီးတယ်။
ကြိုးစားကြ. . . ။



## " ဝေးတဲ့လူတွေ နီးကုန်ကြပြီ "

တစ်ချို့ နိုင်ငံခြားသားတွေ တော်တော်များများ တရား လာထိုင်နေကြပြီတဲ့. . . ။

သူတို့ ကံကောင်းကြတယ်။

ဒါကြောင့် ယောဂီတို့ ဝေးတဲ့လူတွေ နီးကုန်ကြပြီ။

နီးတဲ့လူတွေက ဝေးကုန်ကြပြီ။

ကိုယ့်အလုပ်ကလေးနှင့် ကိုယ့်သားသမီး မြေး၊ မြစ်တွေနှင့် ကိုယ့်စည်းစိမ်ဥစ္စာတွေနှင့် မခွဲနိုင် မခွာနိုင် ခင်တွယ်နေကြမေ့နေလိုက်ကြတာ။

မသိတဲ့ အဝိဇ္ဇာ အတောမသတ်နိုင်တဲ့ လောဘ တဏှာ ရေသောက်မြစ်ကြီး ကခိုင်မြဲတာကိုး-

**ဘုရားရှင်**ကလဲ တဖွဖွ ပြောတယ်-

**"သစ္စာလေးပါး တရားကို အမှန်အတိုင်း မသိမမြင်ကြလို့ သင်တို့တတွေရော ငါဘုရားပါ ဒီသံသရာဝဲဂယက်ကြီးထဲမှာ တဝဲလည်လည် နစ်မြုပ်နေခဲ့ရတာ"** တဲ့ ဟုတ်တယ်။

ယောဂီတို့လဲ အဝိဇ္ဇာ, တဏှာ ရေသောက်မြစ်ကြီး ဖြုတ်နိုင်အောင် ကြိုးစားအားထုတ်သွားကြ။

## " မိုးရွာတုန်းရေခံထားကြ"

ယောဂီတို့ ဒီသာသနာက ရှိနေပေမယ့် ခုအားထုတ်ကြတဲ့ သမထ, ဝိပဿနာ တရားတွေက အမြဲတမ်း ထွန်းကားနေတာမဟုတ်ဘူး၊ တစ်ခါတစ်ရံ ထွန်းကားတာ။

**ဥပမာ. .** လောကမှာ ဥတု, ရာသီတွေကလဲ သူ့ရာသီနှင့် သူပြောင်းလဲနေတာ။ ခေတ်ကာလကလည်း သည်အတိုင်းဘဲ၊ ဒီနေ့နှင့် မနက်ဖန် တောင်မတူဘူး။ အချိန်တိုင်း နာရီတိုင်း ရက်တိုင်း လတိုင်း နှစ်တိုင်း ပြောင်းလဲနေတာ။

**" အမြဲတမ်းလဲ မိုးရွာတာမဟုတ်ဘူး၊**
**မိုးရွာတုန်း ရေခံထားကြ "**

သာသနာက နှစ်ထောင့်လေးရာကျော် ကျန်သေးတယ် ဆိုပေမယ့် ကိုယ်နှင့်မဆိုင်ဘူး၊ ကိုယ်ယူမှ ကိုယ်ရတာ, ကိုယ်လုပ်မှ ကိုယ်ရတာ၊ မိုးရွာနေပေမဲ့ ကိုယ်ကထွက်ပြီး မိုးရေမခံရင်

ကိုယ်မသောက်ရ, မသုံးရ, မချိုးရဘူး။

တရားတော်ကလဲ ဒီအတိုင်းဘဲ၊ ကိုယ်လုပ်မှ ကိုယ်ရတာ၊ ကိုယ်မလုပ် ကိုယ်မရဘူး။

ယောဂီတို့ ကိုယ့်အတွက် လုပ်တာ ကြိုးစားကြ. . .။



## " ငြိမ်းစဲသွားအောင် "

မြတ်စွာဘုရားရှင်က ဒီ အာနာပါန သမထဟာ သတ္တဝါတွေရဲ့ သန္တာန်မှာ ပေါ်ပေါက်နေတဲ့ ယုတ်ညံ့ ညစ်ဆိုး အကုသိုလ် တရားတွေကို ချက်ချင်း ပျောက်ကွယ်သွားစေနိုင်တယ်။ ငြိမ်းစဲသွားစေနိုင်တယ်လို့ ဟောထားခဲ့တာ။

ဝိပဿနာ ကူးတဲ့အခါမှာလဲ **"အလွန်အားကောင်းတယ်၊ အားကိုးထိုက်လောက်တယ်"** လို့လဲ ဟောထား တာ။

ဒါကြောင့်-

ယောဂီတို့ ဒီရက် (၆၀) အတွင်း သမထမှာလဲ ဘုရားစေတီတွေ ဖူးရအောင်-

ဝိပဿနာမှာလဲ ခန္ဓာကိုယ်ရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း၊ အဖြစ်အပျက်မြင်အောင်၊

အကျိုးရှိအောင် ကြိုးစားအားထုတ်ကြ. . .။

## " အသက်မရှူ သူများ "

ယောဂီတို့ ထွက်လေ-ဝင်လေနှင့် အသက်ရှူပြီး တရားအားထုတ်နေကြတာ မဟုတ်လား၊

အသက်ရှူတဲ့သူ ရှိသလို မရှူတဲ့သူတွေလဲရှိတယ်။ ကြားဘူးကြလား။

အသက် မရှူတဲ့ သူက (၇)ယောက် ရှိတာ။

**၁။ အမိဝမ်းတွင်း ပဋိသန္ဓေနေတဲ့သူ**

**၂။ ရေနစ်နေတဲ့သူ**

**၃။ သတိ မေ့လျော့နေတဲ့သူ**

**၄။ သေသောသူ**

**၅။ စတုတ္ထဈာန်ဝင်စားသောသူ**

**၆။ ရူပဘုံ အရူပဘုံက ပြဟ္မာတွေ**

**၇။ နိ ရောဓ သမာပတ်ဝင်စားနေတဲ့သူ**

ယောဂီတို့ အဲဒီ (၇)ယောက်ထဲ မပါဘူး၊ မဟုတ်လား၊ မပါလို့ ထွက်လေ-ဝင်လေနှင့် ရှုမှတ်နေရတာ။

အတိတ်ဘဝက ဘုန်းကံ ပါရမီတွေပါလို့ သာမာန် မအောက်မေ့နှင့် ကြိုးစားမှတ်ကြ။



## " ရတနာအတု, ရတနာအစစ် "

ယောဂီတို့ ရတနာဆိုတာ လောကီရတနာ, လောကုတ္တရာ ရတနာဆိုတာ ရှိတယ်။

လောကီရတနာတွေကတော့ ယောဂီတို့ ပိုင်ဆိုင်တဲ့ **စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြား, ဆင်မြင်း , ကျွဲ, နွား** တွေပေါ့။

ဒါတွေက ရတနာအတုတွေ, လောကီရတနာက မသုံးစွဲတတ်ရင် တစ်ဘဝပဲ၊ စားလို့သောက်လို့ ဝတ်ဆင်လို့ဘဲ ရတာပေါ့။

သုံးစွဲတတ်ရင် သံသရာခရီးအတွက် ပါတာပေါ့။

**ဘုရား, တရား, သံဃာ** ဆိုတဲ့ လောကုတ္တရာ ရတနာတွေကတော့ ရတနာအစစ်တွေ လောကုတ္တရာ ရတနာတွေက ဒီဘဝတင် မကဘူး၊ ဘဝတိုင်း ဘဝတိုင်း သုံးစွဲရတာ-

ရတနာအစစ်ရဲ့ ဂုဏ်အင်္ဂါတွေကိုက ကြည့်ပါလား

၁။ သတ္တဝါတွေရဲ့ စိတ်ကို ကြည်နူးစေတယ်

၂။ ဘယ်၍ ဘယ်မျှ တန်ဘိုး ဖြတ်မရဘူးတဲ့

၃။ ဒီရတနာ အစစ်တွေဟာ ဘာနှင့်တူတယ်ဆိုတာ နှိုင်းယှဉ်လို့ မရဘူး။

၄။ ဒီရတနာအစစ်နှင့် တွေ့ရ၊ ကြုံရ၊ ဆုံရဘို့လဲ အလွန်ခဲယဉ်းတယ်။

၅။ ဘုန်းကံပါရမီ ရှိတဲ့ ပုဂ္ဂိုလ်တွေမှ ဖူးရတာတဲ့။

ကဲ ခုယောဂီတို့ ဘုန်းကံတွေပါလို့ ဖူးရတွေ့ရတာ။

ကိုယ့်ကိုကိုယ် ဘုန်းကံမရှိဘူးလို့

မထင်ကြနှင့် ကြိုးစားကြ . . . ။



# " စိတ်ရဲ့ စွမ်းအင် "

ယောဂီတို့ခုလို တစ်ရှူ တစ်ရှိုက်ခြင်းပွားရ မှတ်ရတဲ့ ကုသိုလ်လေးက နည်းနည်းပါ။

အကျိုးပေးမှာ မဟုတ်ဘူးလို့ မအောက်မေ့နှင့်။

ကြည့်လေ . . မဋ္ဌကုဏ္ဍလီ သတိုးသားလေး အဖေလုပ်သူက မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီး မဋ္ဌကုဏ္ဍလီ သတိုးသားလေး ကျန်းမာရေး မကောင်းတော့ အဖေက ဆေးဆရာခေါ်ကုရင် ပိုက်ဆံကုန်မှာစိုးလို့ အိမ်ရှေ့ဝရံတာမှာ ပစ်ထားတာ-- ကံကောင်းချင်တော့ မြတ်စွာဘုရားမြို့ထဲ ဆွမ်းခံကြွလာတာကို လှျပ်တပြက်ဖူး လိုက်ရတဲ့ ကြည်နူးမှုစိတ်ကလေးနှင့်ကွယ်လွန်သွားတာ-

ကွယ်လွန်ပြီးတော့ အလွန်ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေနှင့် နတ်ပြည်မှာ နတ်သားဖြစ်သွားတာ-

နတ်ပြည်ရောက်တော့ အဖေလုပ်သူ မယုံမှာစိုးလို့ နတ်သားဘဝနှင့် ကိုယ်ထင်ရှားလာပြပြီး ရတနာသုံးပါး ကျေးဇူးတွေ အကြောင်းရှင်းပြသေးတာ-

ဒါ- လျှပ်တပြက်ဖူးလိုက်ရတဲ့ ကြည်နူးမှုစိတ်ကလေး ဘဲရှိသေးတာ၊ ယောဂီတို့ ဘုရားစေတီတွေ ပကတိမျက်စိနှင့် ဖူးရသလို ဖူးရတဲ့ စိတ်ကလေးကလဲ အနည်းဆုံး နတ်ပြည်တော့ရောက်တယ်-

**လက်ဖျစ်တစ်တွက် တစ်ရှူ တစ်ရှိုက်တွင်း ဖြစ်တဲ့ စိတ်က ကုဋေတစ်သိန်း မကဘူးတဲ့-**

ကြိုးစားကြ. . .။



# “ ကိုယ့်ဘက်ကလိုတာ ”

မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးက-

ဘုန်းကြီးတို့ ယောဂီတို့အတွက် သူတော်ကောင်း သူမြတ်လောင်းကြီး တွေသွားကြတဲ့ လမ်းကြောင်းအတိုင်း လိုက်ခဲ့ဖို့။

**“ဘာမှ လိုလေသေးမရှိအောင် ဟောထားခဲ့တာ**

**မှာတော် မူထားခဲ့တာ-**

**လိုတာက ဘုန်းကြီးတို့ ယောဂီတို့ ဘက်ကလိုတာ”**

**ကြည့်ပါလား** - ဒီလို ဒါနကုသိုလ်တွေပြုရင် နိဗ္ဗာန် မရမှီ ဘဝတိုင်း ဘဝတိုင်း ပစ္စည်းဥစ္စာတွေ ပေါတယ်။

ဒီလို သီလတွေ ဆောက်တည် စောင့်ထိန်းရင် ဘဝတိုင်း၊ ဘဝတိုင်း ကိုယ်တွင်ကိုယ်ပရောဂါ ဘေးအန္တရာယ်တွေ ကင်းပြီး အသက်ရှည်တယ်။ ဒီလို သမထ, ဝိပဿနာတရားတွေ အားထုတ်ရင် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာတွေ ခံစားနိုင်တယ်၊ ရောက်ရှိနိုင်တယ်။

အဲဒီလို မြတ်စွာဘုရားက သတ္တဝါတွေ သနားတော်မူလို့ ငဲညှာတော်မူလို့ ထားခဲ့တာ။

ဒါတောင် လူတွေကကိုယ့်အတွက် ထားခဲ့မှန်း ဟောခဲ့မှန်း မသိကြဘူး။

သနားစရာတွေ ဝမ်းနည်းစရာတွေ။

## " သတိမြဲရာ ပထမ "

ဒီကန္တိနည်း အားထုတ်ကြတဲ့ ယောဂီတွေဟာ -

**" သတိမြဲရာ ပထမာ"** ဆိုတဲ့အတိုင်း သတိမြဲရမယ်၊ သတိလက်မလွှတ်စေရဘူး။

ဘုရားရှင်ကတောင်-- **သတိလွတ်သော ပုဂ္ဂိုလ်အား သမထ, ဝိပဿနာ, ဘာဝနာတရားတွေ ပြည့်ပြည့်စုံစုံ မရနိုင်ဘူး"** တဲ့။

ယောဂီတို့လဲ ထွက်လေ-ဝင်လေရှုမှတ်တဲ့ နေရာမှာ ထိတဲ့နေရာလေးကိုပဲ စိတ်ကစိုက်ပြီး မှတ်စိတ်နှင့်ပဲ မှတ်ရ ရေတွက်ရတယ်။

ကာယကံ, ဝစီကံ အလုပ်မဟုတ်ဘူး၊ မနောကံ အလုပ်၊ အထဲဝင်သွားတဲ့ လေနောက်ကို ဖြစ်စေ, အပြင်ထွက်သွားတဲ့ လေနောက်ကိုဖြစ်စေ စိတ်က မလိုက်ရဘူး။

**တံခါးစောင့် တံခါးမှူး**လို တံခါးပေါက်ဝင်တဲ့ သူကိုပဲ စောင့်ရသလို ထွက်တာ ဝင်တာ ထင်ထင်ရှားရှား ထိတဲ့နေရာကိုပဲ စိတ်ကလေးကိုထားပါ ထိတာကိုလဲသိပါ၊ အကြိမ်ကြိမ်လဲမှတ်ပါ။

**တရားကမခက်ပါဘူး၊ စိတ်ကခက်နေတာပါ။**



## " ယုံကြည်ဖို့က ပဓာန "

လောကီဖြစ်ဖြစ်, လောကုတ္တရာ ဖြစ်ဖြစ် ကိုယ်လုပ်တဲ့ အလုပ်ကိုယ်ယုံကြည်ဖို့က အဓိက ပဓာန-ပဲ-

ခုလို တရားအားထုတ်တဲ့နေရာမှာလဲ မဂ္ဂင်စောင့် **သတိ, ဝီရိယ, သမာဓိ** အချိန်အဆနှင့် ကိုယ့်အလုပ်ကို ယုံကြည်ခိုင်မာဖို့က အရေးကြီးတယ်။

### ကြည့်ပါလား ?

ရှေးက ရသေ့ကြီးတစ်ပါး တောထဲမှာ တရားအားထုတ်နေတာ တူမကလေးက ဆွမ်းပို့လာတုန်း မိုးကြီးကရွာချလို့ ချောင်းရေတွေကြီးနေတော့ ရသေ့ကြီးက သူ့တူမကို ရေပေါ်က ဖြတ်ကူးသွားရတယ်လို့ ပြောတယ်။ တူမကလေးကလဲ ရသေ့ကြီး စကားယုံကြည်ပြီး ကူးသွားတာ ဟိုဘက်ရောက်သွားတယ်။

နောက် ကိစ္စရှိလို့ ရသေ့ကြီးကိုယ်တိုင် ဟိုဘက်ကမ်းသွားဖို့ ချောင်းရေထဲ စမ်းဆင်းကြည့်တယ်၊ ခါတိုင်း ရေပြင်ပေါ်က ငါလမ်းလျှောက်နေကျပဲ။

**ဒီတစ်ခါ “ ငါကူးလို့ ရပါ့မလား, နစ်များသွားလေမ လား. . ဟောကိုယ့်ကိုကိုယ် မယုံကြည်တဲ့. . သံသယ စိတ်ဝင်လေရော--ရသေ့ကြီး ချောင်းထဲမျော ပါသွားလေ ရော” တဲ့** ကဲယုံကြည်တဲ့စိတ်က ဘယ်လောက်အရေးကြီး သလဲ။

တရားတော်အပေါ်ရော. . ကိုယ့်ကိုယ်ကိုပါ ယုံကြည်ဖို့က သိပ်လိုတယ်။

**အင်္ဂုတ္တိုရ်**-မှာ မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်သူထဲမှာ-

**‘ မယုံတဲ့လူ - လိုချင်စိတ်ဆန္ဒဓာတ်မရှိတဲ့လူ နိဗ္ဗာန် မရနိုင်ဘူးတဲ့”**



## “ နိမိတ်သုံးမျိုး ”

ယောဂီတို့ နိမိတ်တွေ ပိုတယ်, နိမိတ်တွေ လွတ် တယ်လို့ဆိုကြတာ နိမိတ်က ဘယ်နှစ်မျိုး ရှိတယ်ဆိုတာ သိဖို့ မလိုပေဘူးလား။

နိမိတ်က သုံးမျိုးသုံးစားရှိတာ

**၁။** ယောဂီတို့ နှာသီးဖျား နှုတ်ခမ်းဖျားမှာ ထွက် လေ-ဝင်လေကို သတိလေးကပ်ပြီး အကြိမ်ကြိမ် အဖန်ဖန် စိတ်ထဲက ပွားလိုက်တော့ ပကတိမျက်စိ နှင့် မြင်ရသလို စိတ်ထဲမှာမြင်လာတဲ့ မီးခိုး, တိမ်တိုက်လို ခပ်ညစ်ညစ် မည်းမည်း ဝါဂွမ်းမှုံစ ကလေးလို မြင်ရတဲ့ အာရုံနိမိတ်ကို ပရိကမ္မ နိမိတ်” လိုဆိုတယ်။

**၂။** စောစောက မီးမိုးတိမ်တိုက်- ဝါဂွမ်းမှုံ့စကလေး ကိုဘဲ တစ်တောင် နှစ်တောင် တစ်မိုင် နှစ်မိုင် ကိုင်တွယ် လို့ ပိုလို့ စေလွတ်လို့ရတဲ့ အာရုံနိမိတ်ကို “ ဥဂ္ဂဟ နိမိတ်” လို့ ဆိုတယ်။

**၃။** မီးခိုး, တိမ်တိုက်, ဝါဂွမ်းမှုံ့စကလေးက ပိုလို့ စေလွတ်လို့လဲရ၊ ကြည်စေ, လင်းစေဆို ကြည်လာ လင်းလာတယ်။ အဲဒီလို စေတိုင်းရပြီး တည်ငြိမ်တောက်ပ

တဲ့ အရောင်အလင်းနိမိတ်ကို **"ပဋိဘာဂနိမိတ်"** လို့ဆိုတယ်။

ဒါ ယောဂီတို့ သိသင့်, သိထိုက်တဲ့ နိမိတ်အမျိုးအစားတွေဘဲမှတ်ထားကြ. . .။



## " ဝါရဆိုတာ ဘာလဲ "

ယောဂီတို့ရဲ့ ဒီကန္တီနည်း အားထုတ်တော့ "ဝါရ" မှတ်တယ်။ " ဝါရ " ရေတွက်တယ် " ဝါရ " ဒီနေ့ ဘယ်လောက်အပ်တယ်လို့ ပြောကြတာ " ဝါရ " ဆိုတာ ပါဠိစကား။

မြန်မာလို " ဝါရ " ဆိုတာ အကြိမ်ကို ရေတွက်ခြင်းကိုခေါ်တာ၊ ယောဂီတို့ ကန္တီနည်း သမထစမှတ်တော့ မိမိရဲ့ စိတ်ကလေးကို နှာသီးဖျား ချည်တိုင်မှာ သတိကြိုးကလေးနှင့် ချည်ပြီးတော့

၁။ ထွက်သည်ဝင်သည် တစ်
၂။ ထွက်သည်ဝင်သည် နှစ်
၃။ ထွက်သည်ဝင်သည် သုံး
၄။ ထွက်သည်ဝင်သည် လေး
၅။ ထွက်သည်ဝင်သည် ငါး
၆။ ထွက်သည်ဝင်သည် ခြောက်
၇။ ထွက်သည်ဝင်သည် ခုနှစ်
၈။ ထွက်သည်ဝင်သည် ရှစ်

အဲသလို ရှစ်ခုကို တစ်ဝါရ-တစ်ဝါရကို လက်ချောင်း

ကလေး ရှရှလေးချိုးမှတ် ဆယ်ချောင်းပြည့်သွားရင် ညာဘက်လက်ကောက်ဝတ်မှာ စိတ်နှင့် မှန်းတင်ထား နောက်တစ်ထောင်ဆစ်- နောက်ပခုံး နောက်နားရွက် နောက်ချိုးစောင်း ဘယ်ဘက် (၅၀) ညာဘက် (၅၀) နှစ်ဘက် (၁၀၀)ပေါ့။

အဲသလို မှတ်ပြီး အကြိမ်ကို ရေတွက်တာကို

**" ဝါရ " လို့ခေါ်တာ။**



## " တရားတန်ခိုး "

တစ်ချို့က တရားမထိုင်ရသေးဘူး၊ ငါနှင့် ဒီတရားက ဖြစ်မှ ဖြစ်ပါ့မလား၊ ငါကသွေးတိုးရှိတယ်၊ ကြာကြာထိုင်လို့ မရဘူး၊ ခါးတွေနာတယ်, ခြေထောက်တွေ ထုံတယ်, ကျင်တယ် စသည့်ပေါ့ ခန္ဓာကိုယ်ကြီး အလိုလိုက်ပြီး စိုးရိမ်ပူပန်တတ်ကြတယ်။

**တကယ်တရားလုပ်ရင်- တရားက သူ့ဟာသူခေါ်ဆောင်သွားတာ** တကယ်ထိုင်တော့လဲ စိတ်ရော, ကိုယ်ရော အသားမကျခင် စနိုးစနောင့်တော့ ဖြစ်တတ်ကြတာချည်းဘဲ။

**အလုပ်နှင့် အံဝင်ခွင်ကျရှိပြီး ကျွမ်းကျင်နိုင်နင်းလာရင်** ပိန်ပိန် ဝဝ တရားက တန်ခိုးပြလာတော့တာ။

မိမိရဲ့ စိတ်တွေငြိမ်းအေးလာတယ်၊ စိတ်တွေလဲ ပေါ့ပါးသွက်လက် လာတယ်။ နူးညံ့ပျော့ပျောင်းလာတယ်။

မကောင်းတဲ့ ဒုစရိုက် စိတ်တွေလဲ မဝင်တော့ တစ်ခါတည်း ရိုးဖြောင့်လာတာ စိတ်တွေငြိမ်းအေး ပေါ့ပါး နူးညံ့မှတော့ ကိုယ့်ခန္ဓာကိုယ်ကြီးကလဲ ပေါ့ပါးလာတာ

**" စိတ်ထောင်းတော့ ကိုယ်ကြေမဟုတ်လား "**

ဘုရားတရားဆေးက ကိုယ်တွင်းကိုယ်ပ ရောဂါတွေအားလုံး ပျောက်တာ တကယ်လုပ်ကြည့်မှ သိတာ. .။



## " သဒ္ဓါမပါ မဖြစ် "

ယောဂီတို့ ဘယ်လိုကုသိုလ်တွေ လုပ်လုပ်, ဘယ်လို သီလတွေ ဆောက်တည်ဆောက်တည်, ဘယ်လို သမထ ဝိပဿနာတွေပွားပွား-

သဒ္ဓါတရားမပါရင် သဒ္ဓါတရားမရှိရင် ဘာမှ မဖြစ်ဘူး, အကျိုးမရှိဘူး။

ဘုန်းကြီးတို့ ယောဂီတို့ သဒ္ဓါတရားတွေ နည်းပါးခဲ့ကြလို့ အပါယ်လေးပါးဆိုတဲ့ သံသရာဝဲသြဃကြီးထဲ တဝဲလည်လည် နေခဲ့ရတာ။

အပါယ်လေးပါးဆိုတာ ကျပေါက်တာရှိတာ,
ထွက်ပေါက်မရှိဘူး။
ဝင်ပေါက်တာရှိတာ,
ထွက်ပေါက်မရှိဘူး။
မြုပ်ပေါက်တာရှိတာ,
ပေါ်ပေါက်မရှိဘူး။

ကံကောင်းထောက်မလို့ အခုထွက်လာတာ, ပေါ်လာတာကိုယ်က ထွက်လာတဲ့အချိန်, ပေါ်လာတဲ့အချိန် ဘုရားရှင်ရဲ့ သာသနာတော်ကြီးနှင့် တွေ့နေတော့

ကံကောင်းတာပေ့ါ ဒါကြောင့် အပါယ်လေးပါးဆိုတဲ့ ဝဲဩဃကြီးထဲ ပြန်မကျအောင် ပြန်မရောက်ရလေအောင် ဘာကုသိုလ်လုပ်လုပ် ဂုဏ်ပကာသန မမျှော်ကိုးဘဲ စစ်မှန်တဲ့, ထက်သန်တဲ့ သဒ္ဓါတရားနှင့်လုပ်ကြ။



## " တစ်စပ်ရအောင် မှတ်ကြည့် "

ဘုန်းကြီးတို့ ဝေဘူဆရာတော်ကြီးထံ တရားအား ထုတ်တော့ ဆရာတော်ကြီးက **" မောင်းထောင်ဆရာတော် တရားအား ထုတ်တယ် ဆိုတာ ထွေထွေထူးထူး မှတ်စရာ မလိုပါဘူး " ထိ " " သိ "** မှတ်လို့ တစ်စပ်ရရင် သိသာလာလိမ့်မယ်တဲ့။

**" ထိ " " သိ " တစ်စပ်ဆိုတာက** ဒီနေ့နံနက် (၈)နာရီကနေ နောက်တစ်နေ့ နံနက် (၈)နာရီထိ မိမိရဲ့ ထွက်လေ ဝင်လေ ကို နှုတ်ခမ်းဖျား ထိတာသိတာကို မှတ်ရတာကို တစ်စပ်လို့ ပြောတာ။

ဘုန်းကြီးလဲ ဆရာတော်ကြီးထံ အားထုတ်တော့ မှတ်တာပေ့ါ, မစပ်မိဘူး။ နံနက်တိုင်း ဆရာတော်ကြီးက ယောဂီတွေ တရားစစ်ဖို့ ခေါ်တော့ **" မောင်းထောင် ဆရာတော် စပ်မိရဲ့ "** လားလို့ မေးတော့ မစပ်မိပါဘုရား ပေ့ါ, ကျောင်းပေါ်ဆိုအိပ်ချင်တဲ့ " ထိနမိဒ္ဓ " တွေဝင်တာနဲ့ သစ်ပင်တွေ အုတ်နံရံတွေမှီပြီး မှတ်တော့လဲ မရဘူး၊ ဘယ်ချိန် အိပ်ပျော်သွားမှန်းမသိဘူး၊ လမ်းလျှောက်လို့လဲ မရဘူး။ ကြာတော့ ဆရာတော်က နံနက်တိုင်း မောင်း

ထောင် ဆရာတော်စပ်မိရဲ့လား ခဏခဏ ယောဂီတွေ ကြားထဲမေးတော့ နောက်ရှက်တာနှင့် တရားစစ်လဲမလိုက် တော့ဘူး။ ဆွမ်းစားလဲ မလိုက်တော့ဘူး။

တခြားဦးဇင်းတစ်ပါးကို ငါ့အတွက် မင်းကြိုက်တာ ဆွမ်းပုံပေးလိုက်ကွာ၊ ငါဆွမ်းကျောင်းမလိုက်တော့ဘူး ဆိုပြီး ခိုင်းရတာ။

ယောဂီတို့လဲ တစ်စပ်ရအောင် မှတ်ကြည့်ကြပေ့ါ။



## " အာနာပါန ဆန်းကြယ်လှ "

ဘုရားရှင်ရဲ့ တရားတော်တွေက **" ဧဝံအစိန္တိယါ ဗုဒ္ဓါ ဗုဒ္ဓဓမ္မာ အစိန္တိယါ "** တဲ့ ဒီအာနာပါန သမထ တန်ခိုးတွေ က ဆန်းကြယ်လိုက်တာ အံ့သြလို့ မဆုံးဘူး။

လောကီပစ္စည်းတွေလဲ ဆန်းကြယ်ပါတယ်။ ဒါပေမဲ့ ဒီဆန်းကြယ်တဲ့ ပစ္စည်းကိရိယာတွေထုတ်တဲ့ ဘာတဲ့ တရုတ်တို့ ဂျပန်တို့ အမေရိကန်တို့ သူတို့ထုတ်တဲ့ လေယာဉ်တွေ ဒုံးပျံတွေနှင့် ယောဂီတို့ဖူးရတဲ့ တာဝတိံသာ စူဠာမဏိစေတီတို့ ပင်လယ်ကသစ်ပင်တို့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတို့ သုဓမ္မာဇရပ် ဝေဇယန္တာပြာသာဒ်တို့ သွားဖူးလို့ရပမလား၊ မရဘူး ဘယ်လောက်စက်ကိရိယာ တွေကောင်းကောင်း မရဘူး။

ဒီအာနာပါန သမထနည်းမှ တပါး ဘယ်နည်းနှင့်မှ မရဘူး။ ခုယောဂီတို့ လေယာဉ်လက်မှတ် ဖြတ်စရာလဲ မလိုပါဘူး။

လေယာဉ်စီးစရာလဲ မလိုဘူး။ ကိုယ့်နေရာကနေ ဖူးရတာမြင်ရတာ ကိုင်း ဘုရားတရားတော်တွေက ဘယ်လောက်ဆန်းကြယ်သလဲ ဘယ်လောက်အံ့သြစရာ ကောင်းသလဲ. . .

## " ကံကောင်းအောင်ကြိုးစားကြ "

ဘုန်းကြီးမန်လည်ဆရာတော်ကြီးထံ တရားအား ထုတ်တော့ ဆရာတော်ကြီးက မောင်းထောင်ဆရာတော် ဘုန်းကြီးရော မောင်းထောင် ဆရာတော်ရော

တစ်သံသရာလုံး ဘဝအမျိုးမျိုး ဒုက္ခအမျိုးမျိုး တွေနှင့် ကျင်လည်ခဲ့ရတာဆိုတော့-

**ကိုယ်က အတိတ်ဘဝက ဘာတွေပြုခဲ့လို့ ခုဘဝ ဆိုးတာလဲ မသိဘူး။**

ဒါကြောင့်　‘ **ကံဆိုး, ဆိုးဆိုးတွေ, ဆိုးဆိုးခံစားကြရမှာ၊**
**ကံကောင်း, ကောင်းကောင်းတွေ ကောင်း**
**ကောင်း ခံစားကြရမှာ။**

ဘာမှ ကိုယ့်ဘဝကို ဝေဖန်တွေးတော ဆင်ခြင် မနေနှင့်၊ ဘုရားအဆူဆူ ပွင့်သွားတာတောင် ဘုန်းကြီးတို့ ပါမသွားတာကြည့်၊ ဘယ်လောက်ကံ ဆိုးခဲ့သလဲ။

ယခု ပစ္စုပ္ပန် ဘဝကောင်းအောင်လုပ်မှ ရှေ့သွား ရမည့် သံသရာခရီးကြီးထဲ နိဗ္ဗာန်မရမခြင်း ကံကောင်းမှာ-

ခုလဲ ဘုရား သာသနာနှင့်တွေ့လို့ ကံကောင်းနေပြီ-

ရှေ့လဲ ဒီထက် ကံကောင်းအောင် ကြိုးစားကြ။



## " အအေးနှင့် အပူ "

မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေက အလွန် အေးမြတဲ့ တရားတွေ-

ယောဂီတို့ရဲ့ စိတ်တွေက အပူတွေ ရောလို့မရဘူး။

ခုလို အားထုတ်နေတဲ့ တစ်ရှူတစ်ရှိုက်က စပြီး ယောဂီတို့ရဲ့ စိတ်တွေ ငြိမ်းချမ်းသွားအောင် အေးမြသွား အောင် အားထုတ်ရမှာ မေတ္တာလဲ များများပို့ကြ. . .

မေတ္တာပို့တော့ မေတ္တာပို့တဲ့ ကိုယ့်စိတ်က အရင် အေးမြတာ-

ကိုယ့်စိတ်ကလဲ တကယ်တမ်း သတ္တဝါတွေ အပေါ် အေးမြစေလို့တဲ့ စိတ်ဆန္ဒနှင့် ပို့ ထိထိရောက်ရောက်ပို့ပါ။

ကိုယ်က ကိုယ့်ရဲ့ ကိုယ်စောင့်နတ်ကစပြီး မေတ္တာ ပို့တော့ ဆိုင်ရာဆိုင်ရာ နတ်တွေလဲ မနေနိုင်တော့ဘူး။

ဝိုင်းဝန်းကူညီစောင့် ရှောက် မ,စ ကြတာပေါ့။

မယုံမရှိနှင့် ဘုန်းကြီးကိုယ်တွေ့တွေ အများကြီးဘဲ-

ယုံယုံ ကြည်ကြည် လုပ်ရင် မကြာခင်တွေ့ရ ခံစား ရမှာ. . .။

## " ငါမယူ ငါမရ "

ယောဂီတို့ တရားအားထုတ်ကြတဲ့ အခါတိုင်း-

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဘုန်းတော်အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တတွေ အာရုံပြုပြီး အားထုတ်ကြ။

**အနန္တ- ဆိုတာ** အဆုံးအပိုင်းခြားမရှိဘူး ပြောတာ။

ခုလို တစ်ရှူတစ်ရှိုက် အားထုတ်နေတဲ့ အားတွေကလဲ ကိုယ့်တစ်ယောက်ထဲရဲ့ အားတွေ မဟုတ်ဘူး။

ရှေးက ဂင်္ဂါဝါဠု- သမုဒ္ဒါဝါဠု သဲစုမကပွင့်သွားကြတဲ့။

ဘုရားအဆူဆူရဲ့ အားတွေလဲပါတယ်။

ဒါကြောင့် ဘုရားရှင်က အားမလျော့ကြနှင့်ကြိုးစားအားထုတ်ကြလို့ ဟောထားခဲ့တာ။

ဟုတ်တယ် ဘုရားရှင်ရဲ့ တရားတော်တွေဟာ ယောဂီတို့အတွက် ထားခဲ့တာ။

ဒါ့ကြောင့် ယောဂီတို့က ဘုရားရှင်က ငါ့အတွက် ထားခဲ့တာပါလား။

**ငါမယူရင်, ငါမရမှာဘဲ, ငါ့ဘဝနစ်မွန်းမှာဘဲလို့** အောက်မေ့ဆင်ခြင်ပြီး ကြိုးစားအားထုတ်ကြ။



## " ကြည်ညိုလွန်းလို့ "

ဘုန်းကြီး အိန္ဒိယ ဗုဒ္ဓဂါယာဘုရားဖူးသွားတုန်းက ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်လာပြီး ဥရုဝေလတောမှာ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်တဲ့ လိုဏ်ဂူထဲရောက်တော့ အလျားအနံ တိုင်းကြည့်တယ်။

**အလျား** (၆) **တောင်**

**အနံ** (၆) **တောင်** ဘဲရှိတာ။

လိုဏ်ဂူလေးကလဲ ကျဉ်းကျဉ်းလေး သိဒ္ဓတ္ထမင်းသား တောထွက်လာတော့လဲ ဖျာမပါ၊ ခေါင်းအုံးမပါ၊ စောင်မပါ ဘယ်လိုများနေတယ်မသိဘူး။ ဖျားလို့ နာလို့ မူးလို့ မှ ထူပေး မပေးမဲ့သူ မရှိဘူးကြည့်စမ်း။

ယောဂီတို့လို နှစ်လထဲမဟုတ်ဘူး။ ခြောက်နှစ်ကြီးများတောင်၊ ဒါနဲ့ဘုန်းကြီးလဲ ကြည်ညိုလွန်းလို့ အကြိမ်ကြိမ် ရှိခိုးကန်တော့ပြီး ရေမွှေးတွေ ပေါင်ဒါတွေနှင့် အားရပါးရ ပူဇော်ခဲ့တယ်။

ခု ယောဂီတို့ နှစ်လထဲအားထုတ်တာတောင် ဖျာနှင့် ခေါင်းအုံးနှင့် စောင်တွေနှင့် ဆေးဝါးတွေက ပါသေး။ ဒါတောင်- **အားမထုတ်နိုင်လို့ ပြန်သွားကြသေးတာ--ဟင်၊ ကံတရားတွေ သနားစရာ။**

## " သဒ္ဓါ ပညာ မျှစေရာ "

"သဒ္ဓါလွန်ကဲ ပညာနည်း အလွဲကြည်ညိုသည်၊
ပညာလွန်ကဲ သဒ္ဓါနည်း စဉ်းလဲကောက်ကျစ်သည်" တဲ့။

သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိ ညီမျှအောင် သုံးတတ်ရမယ်။ ဘာကုသိုလ်ကောင်းမှု လုပ်လုပ်၊ သဒ္ဓါနှင့် ပညာက အင်မတန်အရေးပါတာ။ တစ်ချို့ကြတော့ ရှေးဘဝက ကံတွေကြောင့် ယခုဘဝ ပစ္စည်း ဥစ္စာတွေ ပေါပြီး သဒ္ဓါတရားတွေကကောင်းပြီး စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ပညာက နည်းတော့ သာသနာနှင့် ရတနာသုံးပါးနှင့် မပတ်သက်တဲ့-

ဂိုဏ်းတွေ, ဘိုးတော်တွေ, နတ်တွေ, သစ်ပင်တွေ ကိုးကွယ်ကြည့်ညိုနေကြတာ။ ဒါအလွဲကြည်ညိုတာပေ့ါ။

တစ်ချို့ကြတောလဲ လောကီ-လောကုတ္တရာ ပညာတွေတော့ တတ်ပါရဲ့။ သာသနာတော်အပေါ် ရတနာသုံးပါးအပေါ် ကြည်ညိုမှုတွေကနည်းပါးပြီး အတတ်ပညာတွေကလွန်ကဲတော့-



စိတ်ပိုင်းဆိုင်ရာတွေက ကောက်ကျစ်စဉ်းလဲလာကြတယ်။

ကြောက်စရာတွေပဲ။

ဒါ့ကြောင့် ယောဂီတို့ သဒ္ဓါနှင့် ပညာ လွန်ကဲမှု မရှိအောင်-

အညီအမျှထားပြီး သာသနာပြုကြ။

## " မဂ္ဂင်ဖောင်ကြီး ကြိုးစားစီး "

ယောဂီတို့ ခုလိုရှုမှတ်အားထုတ်နေတာဟာ. . .

မြတ်စွာဘုရားရှင်ရဲ့ မဂ္ဂင် (၈)ပါးထဲက သမ္မာသတိ, သမ္မာဝါယမဆိုတဲ့ မဂ္ဂင်ဖောင်ကြီး ပေါ်ရောက်နေတာ။

**ကန္နီဆရာတော်ကြီးက**

ဒီမဂ္ဂင် (၈)ပါးဟာ နတ်ပြည်ဗြဟ္မာ့ပြည်တွေမှာ ဖြစ်တာ မဟုတ်ဘူး။ ဤလူ့ပြည်မှာသာ ဖြစ်တာတဲ့။

လူ့ပြည်မှာလဲ ဤစကြာဝဠာဘုရားပွင့်တဲ့ခေတ်မှာ ဖြစ်တာ- ကျွန်းကြီးလေးကျွန်းထဲကလဲ တောင်ကျွန်းမှာသာ ဖြစ်တာ။

တောင်ကျွန်းမှာလဲ မဇ္ဈိမဒေသဘုရားပွင့်ရာ မဟာဗောဓိပင်ရင်းက စဖြစ်တာ။

ဒါတောင် ဒီမဂ္ဂင် (၈)ပါးက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ကျင်ခဲ့တဲ့ ဘုရားရှင်ကမှ ကြံဆ-ဟောပြောနိုင်တာ-



ဘုရားရှင် မဟောဘဲ လူပညာရှိ နတ်ပညာရှိ ဗြဟ္မာပညာရှိတွေ မကြံဆ, မဟောပြောနိုင်ဘူး

ခုယောဂီတို့ ကံကောင်းလိုက်တာ ယောဂီတို့ စီးဖို့ ဘုရားရှင်က မျှောပေးခဲ့တာ။

ဒါ့ကြောင့် **ယောဂီတို့ စီးနိုင်အောင် စီးဖြစ်အောင် ကြိုးစားကြ။**

## ကန္တီနည်း အစ "အရဟံ" က

ယောဂီတို့ ဒီကန္တီနည်းအားထုတ်ကြခဲ့တဲ့ ယောဂီတွေဟာ " **အရဟံ** " ဂုဏ်တော်စပွားရပါတယ်။

ဂုဏ်တော်တွေထဲမှာလဲ ဒီ " အရဟံ " ဂုဏ်တော်ကြီးကလိုရင်းပါ။ နေ့စဉ်နေ့တိုင်း သက်တော်ထင်ရှားမြတ်စွာဘုရားကို စိတ်ကမှန်းပြီးပွားပါ။ **အန္တရာယ်လဲကင်းတယ်, လာဘ်လာဘလဲပေါ်တယ်။**

အရဟံ ဂုဏ်တော်ပွားမယ်ဆိုရင် ထွက်လေ-ဝင်လေ ထွက်တိုင်း ဝင်တိုင်း -

**ရှူတယ်　　အရဟံ**
**ရှိုက်တယ်　　အရဟံ**
**ဘယ်လှမ်းတယ်　　အရဟံ**
**ညာလှမ်းတယ်　　အရဟံ**
**ရေသောက်တယ်　　အရဟံ**
**စားတယ် ဝါးတယ် အရဟံ**

ကြိယာပုတ် လေးပါးလုံး တရစပ်မှတ်နေရတယ်။ ပါဠိရော-အနက်ပါသိပြီး စူးစူးစိုက်စိုက် ဆင်ခြင်ပွား ဘုရားတရားတော်တွေက မယုံနိုင်အောင် ဆန်းကြယ်တာ. . . အင်မတန်လဲ အကျိုးများတယ်။
**မကြာခင်ကိုယ်တွေ့ ဖြစ်လာကြမှာ။**



## " အရဟံ ပွားရကျိုး "

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းက နိမိတ်ပေါ်တဲ့ ကမ္မဋ္ဌာန်းမျိုး မဟုတ်ဘူး, နိမိတ်လဲ မထင်ရဘူး။

ပီတိပဲ ဖြစ်တာ ဘုရားဂုဏ်တော်ပွားလို့ရလာတဲ့ ပီတိကလဲ တန်ဖိုးမဖြတ်နိုင်ဘူး။

**ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ဘုရင်ဖြစ်တာထက် သာလွန်မြင့်မြတ်တယ်. . . တဲ့။**

**ဘယ်လောက်အကျိုးကြီးသလဲဆို -**

ပုဂံခေတ်က နရသီဟပတေ့ မင်းကြီး အမျက်တော်ရှလို့ ဖိုကျင်းထိုး အသတ်ခံရတဲ့ 'မိဖုရား စောလုံ 'အားလုံးကြားဖူးမှာပါ။

အရဟံဂုဏ်တော်ပွားနေတဲ့ ' စောလုံ ' ကို မီးကျီးတွေ ရဲရဲညီးနေတဲ့ သံကျပ်စင်ပေါ်ထိုးတင်လိုက်တော့

မီးတွေက အလိုလိုငြိမ်းသွားလိုက်တာ. . မင်းကြီးတောင်အံ့သြသွားတာ--

ဒါမြတ်စွာဘုရားရှင်ရဲ့ မကြံစည်အပ် မကြံစည်နိုင်တဲ့ တရားတွေပွားတော့ မကြံစည်အပ်တဲ့ အကျိုးတရားတွေရတာပေါ့။

ယောဂီတို့လဲ ယုံယုံကြည်ကြည် ထိထိမိမိတာ ပွားပါ သိသာလာလိမ့်မယ်။